


# ဒဂုန်ဦးစန်းငွေ

# စာဘူးတောင်း

designed by tin htoon

mgyoe.com



mgyoe.com

mgyoe.com
SAMPLE BOOK

ဒုတိယ အကြိမ်၊ ၂၀၁၉၊ ဇူလိုင်
[ပထမ အကြိမ်၊ ၁၉၇၅၊ ဖေဖော်ဝါရီ၊ စပယ်ဦး စာပေ]

| | |
|---|---|
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၃၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၀၃၇၂)၊ သင်း စာပေ ၁၉၊ ယောသကလမ်း၊ သာယာကုန်း ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ |


mgyoe.com

mgyoe.com SAMPLE BOOK

ဒဂုန် ဦးစန်းငွေ

# စာဘူးတောင်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| | နိဒါန်း | ၁ |
| ၁။ | စာဘူးတောင်း | ၃ |
| ၂။ | ဆယ်လီမူး၏ မြစ်ဖျားခံရာ သမိုင်း လမ်းစ | ၉ |
| ၃။ | လက်ထက်တော်ကြီးက ပြစ်မှုကြီးများ | ၁၉ |
| ၄။ | သကြ်န် ဆောင်းပါး ရေးသော အခါ | ၂၇ |
| ၅။ | စာကလေး တစ်စောင် | ၃၇ |
| ၆။ | လူနှင့် အလှ | ၄၃ |
| ၇။ | ကောက်ရိတ်ပွဲနှင့် မြွေ အန္တရာယ် | ၄၉ |
| ၈။ | တီထွင်ပြီး အကွာရာများ၏ နောက်ဆက်တွဲ | ၅၇ |
| ၉။ | ဒဟတ်ပန်း ဋီကာ | ၆၅ |
| ၁၀။ | ယဉ်ကျေးမှုမှ ယဉ်ကျေးခြင်းသို့ | ၇၁ |
| ၁၁။ | အဘယ် ဟူသည် အဘယ်နည်း | ၇၉ |
| ၁၂။ | အမိမြေ | ၈၅ |
| ၁၃။ | လူတော်နှင့် လူကောင်း | ၉၃ |
| ၁၄။ | ပုဂံခေတ် ထွန်ဘုရင်ကြီးများ | ၁၀၁ |
| ၁၅။ | ၂၂၈ နှင့် ၄င်း၏ အဖွင့် ဋီကာ | ၁၀၉ |
| ၁၆။ | တရားနှင့် စပါး | ၁၁၅ |
| ၁၇။ | ဝသန် ကာလ မိုးကျတည့်လျှင် | ၁၂၁ |
| ၁၈။ | ဗုဒ္ဓ ဟောကြား အလုပ်သမား တရား | ၁၂၉ |
| ၁၉။ | ဉာဏသမား၏ လှုပ်ရှား ရှန်းကန်မှု | ၁၃၅ |
| ၂၀။ | လူနှင့် အားခတ် | ၁၄၃ |


mgyoe.com

mgyoe.com SAMPLEBOOK

| | | |
|---|---|---|
| ၂၁။ | တော်လှန်ရေး မြေခံ ကောင်းသော လ | ၁၄၉ |
| ၂၂။ | အမှား၏ အမှန် | ၁၅၅ |
| ၂၃။ | ညက်ချင်လျှင် ထောင်း | ၁၆၁ |
| ၂၄။ | ပိတောက် တစ်ခက် တစ်သက် လက်ဆောင် | ၁၆၉ |
| ၂၅။ | အတိုင်းမသိ ခြေတစ်လှမ်း | ၁၇၇ |
| ၂၆။ | ကြိုးစားမှု အဆင့်ဆင့် | ၁၈၃ |
| ၂၇။ | လှချင်ရက် စက်စက်ယိုများ အတွက် | ၁၉၁ |

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

(၁) မြေမှုန့် များစွာ၊
စုမိခါ၊
သေလာ တောင်ကြီး ဖြစ်။
(၂) ရေမှုန့် များစွာ၊
စုမိခါ၊
အဏ္ဏဝါ ပင်လယ် ဖြစ်။
(၃) လေမှုန့် များစွာ၊
စုမိခါ၊
မဟာ မုန်တိုင်း ဖြစ်။

ဝမ်းရေး တစ်ဝက်၊ ဝါသနာ တစ်ဝက် ဖက်စပ်၍ စာနယ်ဇင်းတို့၌ ဆောင်းပါး များစွာ ရေးရေးလာခဲ့၏။ ထိုစဉ်က 'ကျမ်းစာ တစ်စောင်မှ ဖြစ်စေတော့' ဟု ရည်စူးမိခြင်း အလျှင်း မရှိခဲ့။ စိတ်ကူးထဲပင် ထည့်၍ မစဉ်းစားခဲ့။

ရေးရင်း ရေးရင်းနှင့် စာတွေ များများလာသော အခါ 'စာအုပ် ထုတ်ပါလား' ဟူ၍ ဆန္ဒပြု တိုက်တွန်းသူများ ပေါ်လာသည်။ ထိုအခါကျမှပင် ကြက်များ အစာ ကောက်သည့်နှယ် ရေးပြီး ဆောင်းပါးများကို ဟိုကောက်သည်ကောက် လိုက်၍ ကောက်ပြီး စာအုပ် အတွက် စုစည်းရတော့သည်။

သို့သော် အကြောင်းကြောင်းတို့ကြောင့် စာအုပ် ဘဝသို့ တော်တော်နှင့် မရောက်နိုင်ခဲ့သေး။ ဤအချိန် ရောက်မှ ကံထောက်သဖြင့် အထမြောက်လာသည်။ စာအုပ် အမည်ကိုလည်း 'စာဘူးတောင်း' ဟု ကင်ပွန်းတပ်လိုက်သည်။

စာဘူးတောင်းသည် လှ၏။ အမှိုက် ဗရပျစ်ကို သပ်ရပ်စွာ ကျစ်ဖွဲ့ထားသဖြင့် ချစ်စရာလည်း ကောင်း၊ မြင်ကွင်းလည်း ရှင်း၏။ ဤစာအုပ်ကား စာဘူးတောင်း အလားတည်း။



mgyoe.com

mgyoe.com SAMPLE BOOK

ယခင်နှစ် 'နိုင်ငံတကာ စာအုပ်နှစ်' တုန်းက 'စာအုပ် စာပေ လူ့မိတ်ဆွေ' ဟု ကြွေးကြော်ခဲ့ကြ၏။ အလွန် ကောင်းပါသည်။ မိတ်ဆွေများကို ရှာလိုသော်၊ မိတ်ဆွေကောင်းနှင့် ပေါင်းလိုသော် ဤစာဘူးတောင်းက အထိုက်အလျောက် အကူအညီ ပေးနိုင်တန်ရာပါသည်။

ဒဂုန် ဦးစန်းငွေ
၃၊ ၁၀၊ ၇၄။



mgyoe.com

mgyoe.com SAMPLE BOOK

# စာဘူးတောင်း

အဆောက်အအုံပြု၍ နေကြသော ငှက်အမျိုးမျိုးတို့ အနက် စာဝတီး ခေါ်သော ငှက်တို့သည် အုံ့တစ်ပါးငှက် ဖြစ်၏။ နေရာထိုင်ခင်းနှင့် ပတ်သက်၍ လွန်စွာ အသန့်အပြန့် ကြိုက်သည်။ ကြိုက်သည့် အတိုင်းလည်း နေစရာ အဆောက် အအုံ၊ အသိုက်အမြုံကို သပ်သပ်ရပ်ရပ် တည်ဆောက်ကာ နေလေ့ ရှိ၏။ နေရာ ကိုလည်း မြင့်သော နေရာကိုမှ ရွေး၍ နေသည်။

ကရဝိက်၊ ကြိုးကြာ၊ ဟသ်ာ စသော အခြား ငှက်တို့သည် သူ့ထက် အကောင် ကြီးမားပြီး အဆင်းအားဖြင့်လည်း သူ့ထက် လှလျှင်သာ လှကြ မည်၊ အနေအထိုင်နှင့် ပတ်သက်လျှင်ကား သူ့ကို မမီကြ။ သူ့လို ထည်ထည် ဝါဝါ သန့်သန့်ပြန့်ပြန့် မနေတတ်ကြရာကုန်။

စာဝတီး ငှက်သည် ဖြစ်ဆန်းကာမျှ နေလေ့ မရှိ။ အကောင် သေး သလောက် ဉာဏ်လည်း ကြီးလှ၏။ ဇွဲလည်း ကောင်းလှ၏။ အကြံအဖန် နှလုံး ရည်လည်း ပြည့်ဝလှ၏။ အနေလည်း ခံ့၏။ လက်ရာလည်း သန့်၏။ သူ့ လက်ရာကား ငှက်အချင်းချင်းကို မဆိုထားဘိ၊ လူသားတို့သော်မှပင် လက် ဖျစ် ရိုက်တီးကာ အံ့ချီးယူရလောက်အောင် ပြောင်မြောက်လှ၏။ ဆောက်လုပ် ရေး ပါရဂူ အင်ဂျင်နီယာကြီးများကပင် လက်ဖျား ခါယူကြရ၏။

သို့ကြောင့် သူ့ကို ဆောက်လုပ်ရေးဘက်တွင် ပါရဂူမြောက် တံခွန် ဆောက် ကျွမ်းကျင်လှသော အင်ဂျင်နီယာငှက် ဟူ၍ပင် ဆိုသင့်နေတော့သည်။

သူ့လက်ရာ၊ သူ့အဆောက်အအုံ၊ သူ့ရိပ်မြုံ၊ သူ့ဗိမာန်ကို ကြည့်ပါလေဦး။ အာကာသ ဝေဟင်နန်းပေါ်ဝယ် ထန်းပင်ကြီးများ၏ အဖျား၌ လည်းကောင်း၊ အခြား သစ်ပင်ကြီးများ၏ အဖျား၌ လည်းကောင်း မြင်နိုင်၏။

စာပေါင်းသိုက် ခေါ် စာဘူးတောင်းကား သူ့လက်ရာ၊ သူ့အသိုက်အအုံ၊ သူ့ရိပ်မြုံပေတကား။



mgyoe.com

mgyoe.com SAMPLE BOOK

စာဝတီး ငှက်ငယ်သည် ထည်ဝါ ခံ့ညားလှသော သူ့ရိပ်မြုံ စာဘူးတောင်းကို ဘယ်ပုံဘယ်နည်း တည်ဆောက်လေသနည်း။ သည် ဆောက်လုပ်ရေး (အင်ဂျင်နီယာ) အတတ်ကို အဘယ် အရပ်၊ အဘယ် သိပ္ပံ၊ အဘယ် ဆရာ့ထံ၌ သင်ယူခဲ့လေသနည်း ဆိုသော ပြဿနာ၏ အဖြေကိုကား ယနေ့ထိ ကမ္ဘာက ရှာ၍ မတွေ့သေး။

စာဘူးတောင်း တည်ဆောက်ရာတွင် အသုံးချသော ပစ္စည်းပစ္စယများကား ထူးထူးခြားခြားကြီး မဟုတ်လှပါ။ ကောက်ရိုးနှင့် မြက်မှိုက်များသာ ဖြစ်ချေ၏။

စာဝတီးသည် တည်ဆောက်ရာ၌ အလွန် စိတ်ရှည်၏။ စိမ်ပြေနပြေ ဆောက်၏။ မြက် မြက်ချင်း၊ ကောက်ရိုး ကောက်ရိုးချင်း တစ်ပင်ချင်း၊ တစ်မျှင်ချင်း ထပ်ကာ ထပ်ကာ ဖွဲ့ထား၏။ လေ ဇွေ့သော်ငြားလည်း ရွေ့သော အမျှင် တစ်မျှင်မျှ မရှိစေရ။ ကော်နှင့် ကပ်ထားသကဲ့သို့ မြဲ၍ ခိုင်လည်း ခိုင်သည်။ သေလည်း သေသပ်သည်။

စာဘူးတောင်း၏ ပုံသဏ္ဌာန်မှာ အနီးကပ်ဆုံးအားဖြင့် ဖန်မီးအိမ်ပြောင်းရှည်ကို ဇောက်ထိုး ဆွဲချထားသည်နှင့် အလားတူ၏။ အလျား ၂၀ လက်မ ပတ်ဝန်းကျင်နှင့် လုံးပတ်မှာ ထွာဆိုင်သာသာ ရှိ၏။ မြက်မှိုက် အချောင်း အမျှင်ကလေးများကို စီ၍ ရက်ကန်း ရက်သလို ရက်ထား၏။

သူ့ရိပ်မြုံ၊ သူ့ဘုံဗိမာန်ကား သစ်ပင်များ၏ အဖျားဝယ် တွဲလျားခိုကာ လှုပ်လီလှုပ်လဲ့ တန့်ွန့်နှင့် လေကစားရာသို့ ကြွားတလူလူ ဝေလျက် ရှိနေပါ၏။ စာဘူးတောင်း၏ ထက်ဝက်ခန့် တစ်ပေလောက်တွင် နေစရာ ကျင်းချိုင့်ကလေး ဖွဲ့ထားပြီး ၄င်း၏ အတွင်းသို့ လေ၊ နေ၊ မိုး မထိုးဖောက်နိုင်အောင် ကျင်းချိုင့်၏ အောက်မှ ဆက်၍ တစ်ပေခန့် ရှည်လျားသော ပြောင်း၊ ဘူးတောင်း တပ်၍ ကာထား၏။ အတွင်းသို့ ဝင်လျှင် ထိုပြောင်းဝမှပင် ဝင်၏။

ဉာဏ်ကြီးရှင် ထိုစာဝတီးကား သူ့ရိပ်မြုံ၊ အသိုက်အအုံတွင်းဝယ် ညည အခါများတွင် လင်းထိန်နေစေရန် အင်ဂျင်မီးများပင် ထွန်းထားလိုက်သေး၏။ အင်ဂျင်မီးကား ပိုးစုန်းကြူးကောင်ကလေးများ ဖြစ်၏။ သူ့ဉာဏ်သွားလိုက်ပုံက ရွှံ့ပျော့ပျော့ ခွာခဲ့ပြီး သူ့အသိုက်ထဲ ထည့်ထားသည်။ နောက် ပိုးစုန်းကြူးကောင် ကလေးတွေကို ဖမ်းယူခဲ့ပြီး ရွှံ့နှင့် ကပ်ထားသည်။ ထိုအခါ ပိုးစုန်းကြူးမှာ နေရာက မရွေ့နိုင်ရှာတော့ဘဲ သူ့အသိုက်တွင်းဝယ် မှိတ်တုတ် မှိတ်တုတ်နှင့် လင်းနေလေသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

ကောလိယ မင်းသားသည် သစ်ပင် အောက်မှ စာဘူးတောင်းခြောက် ကလေးကို ကောက်ယူပြီး စိတ်ဝင်စားစွာ ကြည့်ရှုနေရင်း ထိုစာဘူးတောင်းကို တည်ဆောက်သူ စာဝတီး ငှက်ကို ချီးကျူးမဆုံး ဖြစ်နေ၏။ နှီးမှိုက်ဆွေး၊ မြက်မွေးနှင့် ကောက်ရိုးမျှင်ကလေးများကို သေသေသပ်သပ် အထပ်ထပ် စနစ်တကျ ရစ်ပတ်ထားပုံများက လည်းကောင်း၊ လေလုံ မိုးလုံ ကာရံထားပုံများက လည်းကောင်း ဖမ်းစားထားလေသည့် အတွက် ကောလိယ မင်းသားမှာ စာဝတီး ငှက်၏ လုပ်ဆောင်ချက် လက်ရာကောင်းများ အပေါ်တွင် စိတ်ဝင်စားမိရာက တစ်ဆင့် လူမှုရေးနှင့် ဆက်စပ်၍ တွေးခေါ်ကြည့်မိလာသည် အထိ အာရုံ ကျယ်ပြန့် လွင့်စဉ်သွားလေသည်။

တိရစ္ဆာန် ဖြစ်တဲ့လျက်လည်း ဤစာဝတီး ငှက်ငယ်သည် မိမိ နေစရာ ရိပ်မြုံ အဆောက်အအုံကို သပ်ရပ်စွာ တည်ဆောက်လျက် ထည်ဝါ ခံ့ညားစွာ နေတတ်သည်မှာ အံ့ဖွယ် ရှိစွ။ လူသားတို့ကား ဤငှက်ငယ်လောက်မှ သပ်ရပ်စွာ မနေနိုင်ကြပါတကား။ သူတို့ ခမျာ လုပ်ရကိုင်ရသည်မှာလည်း ဖတ်ဖတ်မော၊ နေပူ မိုးရွာ မရှောင် လုပ်ကိုင်ကြပါကုန်လျက်လည်း စားကောင်းခြင်း မစားရ၊ နေကောင်းခြင်း မနေကြရသည်မှာ အဘယ်ကြောင့်ပါနည်း။

ငါ့အဖို့သော်ကား ဘုရင်က မွေးသည့် ဘုရင့် ရင်သွေးတော် ဖြစ်သောကြောင့် စားဝတ်နေရေးတို့ အတွက် ပူပင် ကြောင့်ကြဖွယ် ဆို၍ စိုးစဉ်းမျှ မရှိ။ ငါ့အတွက် မထောင်းတာလှသော်လည်း သူခပ်သိမ်းတို့ အဖို့ကား လူ့လောကဝယ် လူဖြစ်ရကျိုး နပ်စွာဖြင့် တင့်တောင့်တင့်တယ်၊ ချမ်းသောင့်ချမ်းသာ နေထိုင်နိုင်နည်း နိဿရည်းကောင်းကို ရရှိထားကြရန် အမှန် လိုအပ်ပေ၏။

ဗုဒ္ဓ ကိုယ်တော် မြတ်ဘုရားသည် မသိသော အရာ ဟူ၍ မရှိ။ သဗ္ဗညုတဉာဏ်တော် သခင် ဖြစ်သောကြောင့် ချမ်းသာစွာ နေထိုင်နိုင်နည်း နိဿရည်းကို ကောင်းစွာ ညွှန်ကြားနိုင်ပေရာသည်။ အများ ကောင်းကျိုးကို မျှော်ကိုး၍ မြတ်စွာဘုရားထံ နိဿရည်း တောင်းခံရလျှင် ကောင်းလေစွဟု တွေးခေါ်မိရင်းက မေးလျှောက်ဖို့ ဆုံးဖြတ်လိုက်လေသည်။

ဤစာဘူးတောင်းမှ ရရှိသော တွေးခေါ်မှုကား ကောလိယ မင်းသား အဖို့ ဘုရားသခင်အား ပူဇော်စရာ လှူဖွယ် ပစ္စည်းသဖွယ် ဖြစ်သည်။

ထိုအချိန်တွင် ဗုဒ္ဓမြတ်ဘုရားသည် ကောလိယပြည် အတွင်းရှိ ကက္ကရပတ္တ မည်သော နိဂုံးသို့ ရောက်ရှိလာသည် ဖြစ်ရာ ကောလိယ မင်းသားသည်

mgyoe.com

mgyoe.com SAMPLE BOOK

စင်စစ်အားဖြင့် ဘုရားဖူး သက်သက် ထွက်လာခဲ့ခြင်းသာ ဖြစ်၏။ လမ်းခရီး အကြား သစ်ပင် တစ်ပင်အောက် ခေတ္တ ဝင်ရောက်၍ အပန်းဖြေနေခိုက် စာဘူးတောင်းခြောက် တစ်ခုကို တွေ့ရှိ၍ ကောက်ယူ ကြည့်ရှုရာမှ အထက်ပါ စိတ်ကူးများ ပေါ်ပေါက်လာသည့် အလျောက် ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ရောက်လေသော အခါ သူ စိတ်ကူးလာခဲ့သည့် အတိုင်း မေးလျှောက်ခြင်း ပြုလေသည့် အတွက် ဗုဒ္ဓမြတ်ဘုရားက ကောလိယ မင်းသားအား ဤသို့ မြွက်ကြားတော်မူလေသတည်း။

အဘယ် ကောလိယ မင်းသား။ သင့် မေးလျှောက်ချက်သည် သင့်မြတ်၏။ သူ ခပ်သိမ်းတို့ အကျိုးကို မျှော်လျက် လျှောက်ထိုက်သည်ပင် ဖြစ်၏။ သင်၏ မေးလျှောက်ချက် အရ ချမ်းသာစွာ နေထိုင်နိုင်နည်း နိဿရည်းနှင့် ကြီးပွား ရေး လမ်းစကို ငါ ညွှန်ပြပေအံ့။

အဘယ် ကောလိယ မင်းသား။ ကြီးပွားမှုကို ကာဆီး ဟန့်တားထား တတ်သည်ကား ပျင်းရိခြင်းတည်း။ လူ့ဘဝ လူ့ချမ်းသာ၊ လူ့စည်းစိမ်ကို ကောင်း စွာ ခံစား စံစားလိုသူ ဖြစ်လျက် ပျင်းရိနေခဲ့သော် အဘယ်မှာလျှင် သင့်နိုးရာ ပချိမ့်မည်နည်း။ ပျင်းရိခြင်းသည် လူ့ဘဝ အညွန့် ကျိုးအောင် စင်စစ် ချိုးဖျက် ပစ်တတ်သည်သာမက လူ့အောက်သို့ မရောက်မချင်း တွန်းကန်၍ ပို့တတ်ချေ သည်တကား။

အို ကောလိယ မင်းသား။ ထို့ကြောင့် လူဖြစ်လာခိုက် ကြီးပွား ချမ်း သာမှုကို စင်စစ် လိုလားဘိမူကား ရှေးဦးစွာ ပျင်းရိခြင်းကို ဖယ်ရှားရာသည်။ ထို့နောက် မိမိစိတ်ကို အိပ်မောကျ၍ မနေစေဘဲ အမြဲတစေ နိုးနိုးကြားကြား ထထကြွကြွ ရှိနေစေရာသည်။ ကြီးပွား လမ်းစကို တက်ကြွ စိတ်မာန်ဖြင့် ရှာကြံကာသာ နေရာသည်။ အလုပ် တစ်ခုကို လုပ်ရာတွင်လည်း မဆုတ်မနစ် သော လုံ့လ၊ ကြံ့ခိုင်သော ဇွဲဖြင့် အားသွန်ခွန်စိုက် လုပ်ကိုင်ရာသည်။ တက်ကြွမှု အပြည့်အဝဖြင့် လုပ်ကိုင်ခြင်း မည်သည်ကား မည်သည့် အခါမျှ အချည်းနှီး ဖြစ်လေ့ မရှိ။

အို ကောလိယ မင်းသား။ သင် နာဘိဦးလော့။ တက်တက်ကြွကြွနှင့် လုံ့လ ဝီရိယ ရှိရာသည် ဆိုရာ၌ ဉာဏ်နှင့် ယှဉ်သော ဝီရိယမျိုးသာ ဖြစ်စေ ရာသည်။ ကျောက်ဖျာထက်တွင် ရေတွင်း တူးသော ကြိုးစားမှုမျိုး၊ အထည်



mgyoe.com

mgyoe.com SAMPLE BOOK

မျိုးစုံ ထုတ်လုပ်သော ဒေသ၌ အထည်ဆိုင် ဖွင့်၍ ရောင်းချသော လုပ်ကိုင်နည်းမျိုးကား အဘယ်မှာလျှင် အကျိုး ရှိချိမ့်မည်နည်း။

သို့ကြောင့် ငါ ဆိုလိုပေသည်ကား အို ကောလိယ မင်းသား။ အကြင်သူသည် လယ်သမား ဖြစ်ခဲ့အံ့။ ထိုသူသည် လယ်လုပ်ခြင်း အတတ်ကို ကောင်းစွာ ကျွမ်းကျင်သူ ဖြစ်လျက် ကိုယ်တိုင်လည်း လယ်လုပ်တတ်ရာသည်။ သူတစ်ပါးကိုလည်း စနစ်တကျ ခိုင်းတတ် စေတတ် ရှိစေရာသည်။

အို ကောလိယ မင်းသား။ ယုတ်စွ အဆုံး ထမင်း ချက်သူပင် ဖြစ်စေဦးတော့။ ထိုသူသည် ထမင်းချက် အတတ်၌ ကျွမ်းကျင်သူ ဖြစ်ပြီး ကိုယ်တိုင်လည်း ကောင်းစွာ ချက်တတ် ပြုတ်တတ် ရှိရာသည်။ သူတစ်ပါးအားလည်း စနစ်တကျ အချက်အပြုတ် ခိုင်းတတ် စေတတ် ရှိစေရာသည်။

အို ကောလိယ မင်းသား။ ဤမျှသာ မကသေး။ သွေး ချွေးတို့ဖြင့် ရင်းနှီး စုဆောင်းချက် အရ အကျိုးစီးပွား ဖြစ်ထွန်းလေသော အခါ ငါ ချမ်းသာပြီ ဟူ၍ မမှတ်သာသေး။ ရရှိပြီး စည်းစိမ် ဥစ္စာတို့ကို မပျက်မစီးရအောင် ထိန်းထိန်းသိမ်းသိမ်း စောင့်ရှောက်တတ်ရာသည်။ မိုးရွာပါလျက် ကန်သင်းပေါင် မရှိသဖြင့် ရေမတင်သော လယ်ကွက်ကဲ့သို့ မဖြစ်စေရာ။

အို ကောလိယ မင်းသား။ ဤမျှသာလည်း မဟုတ်တုံသေး။ ထိုရရှိပြီး ဥစ္စာတို့ကို မိမိ အင်အားနှင့် ချိန်ဆ၍ အဝင်နှင့် အထွက် မျှတစွာ သုံးစွဲတတ်ရာသည်။ အဝင် နည်းလျက် အထွက် သည်းကာ လက်ဖွာခြင်းမျိုး မဖြစ်စေရာ။

ထိုမှ တစ်ပါး လူ့ဘဝသည် အပေါင်းအသင်း ပတ်ဝန်းကျင်နှင့် ကင်းကွာ၍လည်း မဖြစ်နိုင်သည့် အလျောက် အရေး တစ်စုံ ကိုယ်၌ ကြုံလာသော အခါ အထောက်အကူ ရရှိရေး အတွက် မိတ်ကောင်းဆွေကောင်းနှင့်လည်း ပေါင်းထားရာသည်။

အို ကောလိယ မင်းသား။ သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျာ ကာလကလေး အတွင်း၌ လူချင်း တူတူ သူချင်း မျှမျှ ချမ်းသောင့်ချမ်းသာ၊ တင့်တောင့်တင့်တယ်နှင့် နေနိုင်ရာသော နည်းလမ်းကောင်းကို ညွှန်ကြားတော်မူပါဟု ငါ့အား သင် တောင်းဆိုခဲ့ပေ၏။

အို ကောလိယ မင်းသား၊ ဤလူ့ဘဝ၊ လူ့အဖြစ်၌ အချုပ်အားဖြင့် ငါ ဆိုခဲ့ပြီးသော

၁။ ကြိုးစားရှာ

၂။ ကောင်းစွာ စောင့်ရှောက်

mgyoe.com

mgyoe.com SAMPLE BOOK

၃။ ဝင်ပေါက်နှင့် ထွက်ပေါက် မျှတစေ

၄။ မိတ်ဆွေကောင်းကို ပေါင်းပါလေ။

ဤအချက် လေးချက်ကို ကိုက်ညီအောင် ကျင့်သုံးနိုင်ဘိမူကား ထိုသူသည်. ဆင်းရဲခြင်း ကင်း၍ ချမ်းသာရိပ်ငြိမ် လူ့စည်းစိမ်ဖြင့် တင့်‌တောင့်တင့်တယ် နေနိုင်ရာပြီဟု သင် မှတ်လေလော့ဟု မိန့်တော်မူ၏။

နောင်သော အခါတွင် ဗုဒ္ဓမြတ်စွာ၏ မြွက်ကြားချက် ဖြစ်သော ဤသည့်စကားတော်ကို 'သမ္ပဒါ' ဟု ကမ္ဘည်း ထိုးကာ ကြီးပွားလိုသူ၊ ချမ်းသာလိုသူ၊ ဟန်ကျပန်ကျ နေလိုသူ မှန်သမျှတို့ လက်သုံးပြုရာသော 'ကြီးပွားရေး လမ်းညွှန်' ဟု သတ်မှတ်ထားကြကုန်၏။

ဗုဒ္ဓ၏ လမ်းညွှန်ချက်ကို ဗျဂ္ဃပဇ္ဇ မည်သော ကောလိယ မင်းသား၏ ကျေးဇူးကြောင့် နောင်းလူတို့ ကြားနာ သိမှတ်ခွင့် ရလိုက်ကြကုန်၏။

တစ်ဖန် ကောလိယ မင်းသားက မြတ်ဘုရားထံ လျှောက်ထား တောင်းပန်နိုင်ခဲ့ခြင်းကို ကြည့်ပြန်သော် စာဝတီး ငှက်ကလေးကို တွေ့ရ၏။ သူကလေး၏ လက်ရာ ဖြစ်သော အဆောက်အအုံ စာဘူးတောင်းကို သမိုင်း လမ်းကြောင်း အဖြစ် တွေ့ရပြန်၏။

စာဝတီး ငှက်ကလေးသည် သူကိုယ်တိုင် လက်ရာမြောက်စွာဖြင့် တည်ဆောက်ထားသော မိုးလုံ လေလုံ၊ သပ်သပ်ရပ်ရပ်နှင့် ထည်ဝါ ခံ့ညားလှသည့် အသိုက်အအုံ စာဘူးတောင်း အတွင်း၌ ချမ်းသောင့်ချမ်းသာ နေရသကဲ့သို့၊ ထို့အတူ ဗုဒ္ဓ၏ ညွှန်ကြားချက် သမ္ပဒါ လေးပါးတည်း ဟူသော စာဘူးတောင်း အတွင်း၌ ခိုအောင်း နေထိုင်ကြဘိမူကား စာဝတီး ငှက်ကလေးပမာ ချမ်းသောင့်ချမ်းသာနှင့် တင့်တယ်စွာ နေနိုင်ကြလိမ့်မည် ဖြစ်သတည်း။

၁၉၇၃ ခု၊ ... လ၊ ငွေတာရီ မဂ္ဂဇင်း။



mgyoe.com

mgyoe.com SAMPLE BOOK

## ဆယ်လီမူး၏ မြစ်ဖျားခံရာ သမိုင်း လမ်းစ

ရှေးမြန်မာ ဘုရင်များ လက်ထက်က ကျပ်သုံး ဒင်္ဂါး တစ်ပြားလျှင် မူးအားဖြင့် ဆယ်မူး၊ ပဲအားဖြင့် နှစ်ဆယ်ပဲ ထား၍ သုံးစွဲလေ့ ရှိကြသည်။

ဤသည်ကို အကြောင်းပြု၍ 'ဆယ်လီမူး' ဟု ခေါ်စမှတ် ပြုကြခြင်း ဖြစ်၏။

သမိုင်းကြောင်းကို ကြည့်လျှင် ဆယ်လီမူး စနစ်သည် သက်တမ်းအား ဖြင့် နှစ်ပေါင်း အတော် ကြာညောင်းခဲ့ပြီကို တွေ့ရပါသည်။

### ဆယ်လီမူး သမိုင်းကြောင်း

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် အချိန်က မဇ္ဈိမ ဒေသ ခေါ်သော အိန္ဒိယ တိုင်းကြီး အတွင်း၌ ရာဇဂဟ၊ ဗာရာဏ၊ သာဝတ္ထိ စသော ပြည်နယ် အသီးသီးတို့ ရှိခဲ့ကုန်သည်။

ထိုပြည်နယ် အသီးသီးတို့သည် ရောင်းဝယ် ဖောက်ကားမှု ငွေရေး ကြေးရေး အသုံးအစွဲနှင့် ပတ်သက်၍ ရှေးမင်းတို့ အသုံးပြုကြသော 'နီလက ဟာပဏ' ခေါ်သော ကျပ်သုံး ဒင်္ဂါးကို စံအဖြစ် ထား၍ သုံးစွဲလာခဲ့ကြကုန်၏။

သို့ရာတွင် ကျပ်ကို မတ်၊ မူး၊ ပဲ ဖွဲ့ရာ၌ကား ခြားနားနေ၏။ တစ်ပြည် နှင့် တစ်ပြည် မတူကြကုန်။

ဥပမာ ထိုအချိန်က ရာဇဂြိုဟ်ပြည်၌ ကျပ်သုံး ဒင်္ဂါး တစ်ပြားကို မတ် အားဖြင့် လေးမတ်၊ ပဲအားဖြင့် နှစ်ဆယ် ထား၍ သုံးကြကုန်၏။

ဒုဒြဂါမက မင်း၏ အာဏာစက် ပျံ့နှံ့ရာ နိုင်ငံ အတွင်း၌ကား ကျပ်သုံး ဒင်္ဂါး တစ်ပြားသည် မတ်အားဖြင့် သုံးမတ်၊ မူးအားဖြင့် ခြောက်မူး၊ ပဲအားဖြင့် ၁၂ ပဲသာ ရှိလေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့အားဖြင့် တစ်ပြည်နှင့် တစ်ပြည် မတူ ထူးခြား ကွဲပြားခြင်းများ ရှိခဲ့၏။

## မြန်မာကျပ်သုံး ဒင်္ဂါးနှင့် ရာဇဂဟ ဒင်္ဂါး

ရှေးမြန်မာ ဘုရင်များ လက်ထက်က အသုံးပြုခဲ့သော မြန်မာကျပ်သုံး ဒင်္ဂါးသည် ရာဇဂဟ ဒင်္ဂါး၏ စံချိန်နှင့် ကိုက်ညီနေသည်ကို တွေ့ရ၏။

မြန်မာကျပ်သုံး ဒင်္ဂါး ဆယ်လီမူး စနစ်မှာ ရာဇဂဟ ဒင်္ဂါးမှ အမြစ်တွယ်ခဲ့သည်ဟု ယူဆရသောကြောင့် ယင်းရာဇဂဟ ဒင်္ဂါး၏ သမိုင်းကို သိလျှင် မြန်မာ ဒင်္ဂါး၏ သမိုင်းသည် အလိုအလျောက် ပေါ်လာမည် ဖြစ်၏။

ထို့ကြောင့် ရာဇဂဟ ဒင်္ဂါး သမိုင်းကို ရှေးဦးစွာ သိအပ်၏။

## ဆယ်လီမူး စနစ်၊ ဒင်္ဂါး သမိုင်း၏ နိဒါန်း

တစ်ခါသ၌ ရဟန်း တစ်ပါးသည် သစ်ထုတ်လုပ်ရေး ဌာနမှ သစ်စာရေးနှင့် ပေါင်း၍ သစ်များကို ခိုးထုတ်လေသတတ်။

ထိုအကြောင်းကို လူတို့က ကြားသိလေသော် 'ရဟန်းတန်မဲ့ သစ်ကို ခိုးရာသလော' ဟူ၍ ထိုရဟန်းအား ကဲ့ရဲ့ကြကုန်သည်။

လူတို့မှ တစ်ဆင့် ရဟန်း ပရိသတ် သံဃာနားသို့ ပေါက်ကြားသွားလေသည်။ ထိုအကြောင်းကို ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားကြကုန်ပြီ။

ထိုရောအခါ ထိုရဟန်းကို ခေါ်၍ ဘုရားသခင်က စစ်ဆေးတော်မူသည်တွင် ထိုရဟန်းက ကွယ်ဝှက်ခြင်း မပြုဘဲ 'ခိုးမိပါကြောင်း' ဖြောင့်ချက် ပေးလေသည်။

ဤသို့ ခိုးမှုကို အကြောင်းပြု၍ မြတ်စွာဘုရားက ရာဇဂဟ ဒင်္ဂါးကို စံထား၍ ဥပဒေ တစ်ရပ် ပညတ်တော်မူခဲ့၏။

> အကြင်ရဟန်းသည် တစ်မတ်ကိုသော် လည်းကောင်း၊ တစ်မတ်ထိုက်တန်သော ပစ္စည်းကိုသော် လည်းကောင်း ခိုးယူလေအံ့၊ ထိုရဟန်းသည် ပါရာဇိက ကျလေ၏။ ရဟန်းကောင်းတို့သည် ထိုရဟန်းနှင့် ပေါင်းသင်း ဆက်ဆံခြင်း မပြုအပ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤသို့ ဥပဒေ ပုဒ်မ ၂ ကို ပြဋ္ဌာန်းလျက် ရဟန်းတို့အား ခိုးမှုမှ တားမြစ်တော်မူခဲ့သည်။

ဤ၌ ရာဇဂဟ ဒင်္ဂါး၏ ပမာဏမှာ အဘယ်မျှနည်း။

ယင်းပုစ္ဆာ အတွက် ဝိနယပိဋက၊ ပါရာဇိကဏ် ပါဠိတော်၊ ဒုတိယ ပါရာဇိက သိက္ခာပုဒ်၌ 'တေန ခေါ ပန သမယေန၊ ရာဇဂဟေ' စသည်ဖြင့် ထို ခေတ်သုံး ရာဇဂဟ ဒင်္ဂါး၏ ပမာဏကို တိုက်ရိုက် သမိုင်း မှတ်တိုင် စိုက် ထားခဲ့ပေသည်။

အဓိပ္ပာယ်ကား ရဟန်း တစ်ပါး သစ်ခိုးမှု ဖြစ်၍ သိက္ခာပုဒ် ပညတ် တော် မူရသည့် ထိုအချိန် ကာလတွင် ရာဇဂြိုဟ်ပြည်၌ တစ်မတ်ကို ငါးပဲနှုန်း ထား၍ သုံးလျက် ရှိ၏။

ဤကား ဝိနည်း ပါဠိတော် လာရှိသော ကျမ်းရင်း စကား ဖြစ်ပေ၏။

ယင်းစကားကို အဋ္ဌကထာ ဆရာ အသျှင် မဟာ ဗုဒ္ဓဃောသက 'တဒါ ဟိ ရာဇဂဟေ ဝီသတိမာသကော' စသည်ဖြင့် ဖွင့်ပြတော်မူ၏။

အဓိပ္ပာယ်ကား ထိုဒုတိယ သိက္ခာပုဒ် ခိုးမှု ဥပဒေကို ထုတ်ပြန်ချိန်၌ ရာဇဂြိုဟ်ပြည်တွင် ပဲနှစ်ဆယ်ကို တစ်ကျပ်နှုန်း ထား၍ သုံးစွဲလျက် ရှိပေသည်။

ထို့ကြောင့် ငါးပဲ ဟူသည် တစ်မတ်တည်း။ ထိုနည်းဖြင့် ခပ်သိမ်းသော ကျေးရွာ ဇနပုဒ်တို့၌ တစ်ကျပ်ကို လေးဖို့တစ်ဖို့ (လေးပုံတစ်ပုံ) ကို တစ်မတ် ဟူ၍ သိအပ်၏။

ထိုတစ်မတ်ကိုလည်း ရှေးမင်း အဆက်ဆက်တို့ အသုံးပြုသွားကြသော ကျပ်သုံး ဒင်္ဂါး၊ နီလဂဟာပဏ၏ အစွမ်းအားဖြင့် သိအပ်၏။ ဒုဒြဂါမက မင်း တို့ သုံးစွဲသော ဒင်္ဂါး၏ အစွမ်းအားဖြင့် မသိအပ်။

အဘယ်ကြောင့် ဆိုသော် နီလဂဟာပဏ၏ လေးဖို့တစ်ဖို့ တစ်မတ်ဖြင့် အတိတ်က ဘုရား အဆူဆူတို့လည်း ဝိနည်း သိက္ခာပုဒ်ကို ပညတ်တော်မူကုန် ပြီ။ နောင် ပွင့်လတ္တံ့သော ဘုရား အဆူဆူတို့လည်း ဤတစ်မတ်ဖြင့်သာလျှင် သိက္ခာပုဒ်ကို ပညတ်တော်မူကုန်လတ္တံ့။

ထို့ကြောင့် နီလဂဟာပဏ ဒင်္ဂါး၏ အစွမ်းအားဖြင့်သာ သိအပ်၏ ဟူလို။

ဤသမိုင်းကို ထောက်ခြင်းအားဖြင့် တစ်ကျပ်သုံး ဒင်္ဂါး တစ်ပြားလျှင် လေးမတ် ရှိသည်။ ပဲအားဖြင့် နှစ်ဆယ် ရှိကြောင်းမှာ ထင်ရှားလေသည်။

ထိုမှ တစ်ပါး ဤသမိုင်းကို ထောက်သောအားဖြင့် 'ဆယ်လီမူး စနစ်၏ သက်တမ်း' ကိုလည်း သိရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆယ်လီမူး စနစ်သည် ယခုမှ ဖြစ်လာသည် မဟုတ်။ ကမ္ဘာ အဆက်ဆက်၊ ရှေးဘုရား အဆူဆူတို့ လက်ထက်တော်၌ လူတို့သည် ဤဆယ်လီမူး စနစ်ကိုပင် အသုံးပြုလာခဲ့ကြကုန်သည်။ ယင်းစနစ်ကို စံထားလျက် သိက္ခာပုဒ် ပညတ်တော်မူခဲ့ကြသည်။ နောင်ကာလ၌လည်း ဤဆယ်လီမူး စနစ်ကိုပင် စံထားလျက် ဘုရား အဆူဆူတို့ သိက္ခာပုဒ် ပညတ်တော်မူကြလိမ့်မည် ဆိုသဖြင့် ဆယ်လီမူး၏ သက်တမ်းမှာ အဘယ်မျှ ရှည်လျားမည်ကို ရိပ်စားမိနိုင်ပေသည်။

ဤပါဠိ၊ အဋ္ဌကထာတို့၌ နီလဂဟာပဏ ကျပ်သုံး ဒင်္ဂါး တစ်ပြားသည် မတ်အားဖြင့် လေးမတ်၊ ပဲအားဖြင့် နှစ်ဆယ် ဟူ၍သာ တိုက်ရိုက်ဆို၏။ မူးအားဖြင့် ဆယ်မူး ရှိကြောင်းကို မဆိုချေ။

သို့မဆိုသော်လည်း မြန်မာကျပ်သုံး ဒင်္ဂါးကို အသုံးပြုရာ၌မူကား ရာဇဂဟ ဒင်္ဂါးကို အခြေခံလျက် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် တီထွင် ကြံဆကာ ပဲနှစ်ဆယ်ကို ထက်ဝက် ကျုံ့အောင် ချုံ့ပြီးလျှင် ဆယ်လီမူး စနစ်ကို အသုံးပြုလာခဲ့ကြကုန်သည်။

အင်္ဂလိပ် ခေတ်က လေးပြားကို တစ်ပဲ၊ နှစ်ပဲကို တစ်မူး၊ နှစ်မူးကို တစ်မတ်၊ လေးမတ်ကို တစ်ကျပ်၊ တစ်ကျပ်လျှင် ၁၆ ပဲ၊ ပြားအားဖြင့် ၆၄ ပြား ထား၍ သုံးစွဲခဲ့သည်။

ယနေ့ ငွေကြေး သုံးစွဲနည်း စနစ်မှာ မြန်မာ့ ရိုးရာ အစဉ်အလာအားဖြင့် ရှေးမြန်မာဘုရင်များ အသုံးပြုလာခဲ့ကြသည့် 'ဆယ်လီမူး စနစ်' အတိုင်း ဖြစ်သောကြောင့် မြန်မာကျပ်သုံး ဒင်္ဂါး တစ်ပြားလျှင် ပြားအားဖြင့် တစ်ရာပြား၊ ပဲအားဖြင့် နှစ်ဆယ်ပဲ၊ မူးအားဖြင့် ဆယ်မူး၊ မတ်အားဖြင့် လေးမတ် ရှိလေသည်။

အင်္ဂလိပ် ခေတ်က တစ်ပြားကို သုံးပိုင် ထား၍ သုံးခြင်း၊ မြန်မာဘုရင်များ လက်ထက်က တစ်ပဲကို လေးရွေး ထား၍ သုံးခြင်းများ ရှိခဲ့သော်လည်း မတွင်ကျယ်လှ။ ပဲ အသုံးအနှုန်း၌သာ နိဂုံးချုပ် အသုံးအစွဲ ပြုကြကုန်သည်။ ပိုင်စေ့ ဟူ၍ ရှိခဲ့သော်လည်း ရွေးပြား ဟူ၍ကား မရှိခဲ့။

မြန်မာ ဘုရင်များ လက်ထက်၌ ရွေး၊ ပဲ၊ မူး၊ မတ်၊ ကျပ်တို့ကိုသာ ချင့်တွက်သည်။

စပါးက စ၍ ချင့်တွက်သည် ဟူ၍ မရှိ။

ကျမ်းဂန်တို့၌ကား စပါးက စ၍ ချင့်တွက်ပုံကို ဆိုပြန်သည်။ ဆိုဟန်ကား 'တိပိဋကကဏ္ဍ' ၌ 'စတ္တာရောဝိဟယောဂဋ္ဌာ' စသည်ဖြင့် 'စပါး လေး


mgyoe.com

mgyoe.com SAMPLE BOOK
လုံးလျှင် တစ်ချင်ရွေး၊ နှစ်ချင်ရွေးလျှင် တစ်ပဲ၊ ငါးပဲလျှင် တစ်မတ်၊ လေးမတ်လျှင် တစ်ကျပ်' ဟု ဆိုသည်။

ဤကျမ်း၏ အဆို အရ တစ်ပဲလျှင် စပါး ရှစ်လုံး၊ တစ်မတ်လျှင် စပါးလုံးပေါင်း လေးဆယ်၊ တစ်ကျပ်လျှင် စပါးလုံးပေါင်း ၁၆၀ ဖြစ်၏။

ဤ၌ တစ်ချင်ရွေး ဆိုသည်မှာ ရွေးကြီးကို ယူရမည်။ ရွေးကြီး တစ်လုံးသည် ရွေးငယ် နှစ်လုံးနှင့် ညီမျှသောကြောင့် တစ်ပဲလျှင် ရွေးငယ် လေးရွေး ရှိသည်ဟု 'သမန္တစက္ခု ဒီပနီကျမ်း' ဒုတိယတွဲ၌ မုံရွေး ဆရာတော် ဆုံးဖြတ်တော်မူ၏။

ထို့ကြောင့် မြန်မာသုံး ဆယ်လီမူး စနစ် ဒင်္ဂါး တစ်ပြားလျှင် ရွေးပေါင်း ၁၆၀ ဖြစ်လေသည်။

အဘိဓာန် ကျမ်း၌ ရေတွက်ပုံကား
စတ္တာရော ဝီဟယော - လေးစပါး (စပါး လေးလုံး) တို့သည်၊
ဂုဉ္ဇာ-တစ်ချင်ရွေး ဖြစ်၏။
ဒွေဂုဉ္ဇာ - နှစ်ချင်ရွေးတို့သည်၊
မာသကော - တစ်ပဲသည်၊ ဘဝေ - ဖြစ်၏။
ဒွေပဉ္စမာသကာ - ပဲတစ်ဆယ် (ငါးနှစ်လီ တစ်ဆယ်) တို့သည်၊
အက္ခာ - တစ်အက္ခ ဖြစ်၏။
အက္ခာနံ - အက္ခတို့၏၊
အဋ္ဌကံ - ရှစ်ခုသည်၊
ဓရဏံ - ဓရဏ တစ်ခု ဖြစ်၏။
ပဉ္စဓရဏံ - ဓရဏ ငါးခုသည်၊
သုဝဏ္ဏော - သုဝဏ္ဏ တစ်ခု ဖြစ်၏။
တေပဉ္စသုဝဏ္ဏာ တု - ထိုငါးသုဝဏ်တို့သည်ကား၊
နိက္ခံ - နိက္ခ တစ်ခု ဖြစ်၏။
ပါဒေါ - တစ်မတ်ဟု ဆိုအပ်သော ပါဒသည်၊
စတုတ္ထေဘာဂေ - တစ်ကျပ်၏ လေးဖို့တစ်ဖို့၌၊
ဝတ္တတိ - ဖြစ်၏။
အထ - ထိုမှတစ်ပါး၊
ဒသဓရဏာနိ - ဓရဏ ဆယ်ခုတို့သည်၊
ပလံ - ပိုလ် တစ်ခု ဖြစ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ပလသတဋ္ဌ - ပိုလ် တစ်ရာသည်ကား၊

တုလာ - တစ်ချိန် ဖြစ်၏။

အထ - ထိုမှတစ်ပါး၊

တာ ဝီသတိ တုလာ - ထိုအချိန် နှစ်ဆယ်တို့သည်၊

ဘာရော - ဘာရ တစ်ခု ဖြစ်၏။

ဤအဘိဓာန် ကျမ်း၏ အလိုအားဖြင့် ပဲတစ်ဆယ်သည် အက္ခ ဖြစ်၏။ ယင်း တစ်အက္ခ၌ ငါးမူး ရှိ၏။

အက္ခ ရှစ်ခုသည် ဓရဏ ဖြစ်၏။ မြန်မာသုံးအားဖြင့် နှစ်အက္ခသည် တစ်ကျပ် ဖြစ်သောကြောင့် ဓရဏ တစ်ခုလျှင် လေးကျပ် ရှိ၏။

ငါးဓရဏသည် သုဝဏ္ဏ တစ်ခု ဖြစ်၏။ ဓရဏ တစ်ခုသည် လေးကျပ် ဖြစ်သောကြောင့် သုဝဏ္ဏ တစ်ခုလျှင် အကျပ် နှစ်ဆယ် ရှိ၏။

သုဝဏ္ဏ တစ်ခုသည် အကျပ် နှစ်ဆယ် ဖြစ်၍ နိက္ခ တစ်ခုသည် အကျပ် တစ်ရာ ရှိ၏။ ကျပ်တစ်ရာကို တစ်ပိဿာ ခေါ်၏။

ဓရဏ ဆယ်ခုသည် ပိုလ် ဖြစ်၏။ ဓရဏ တစ်ခုသည် လေးကျပ် ဖြစ်သောကြောင့် တစ်ပိုလ်သည် အကျပ် လေးဆယ် ဖြစ်၍ ပိုလ် တစ်ရာလျှင် တစ်ချိန် ဖြစ်၏။

တစ်ပိုလ်သည် အကျပ် လေးဆယ် ဖြစ်၍ တစ်ချိန်သည် အကျပ် လေးထောင် ရှိ၏။ ပိဿာအားဖြင့် လေးဆယ် ရှိ၏။ အခွက် လေးဆယ်ဟု ခေါ်၏။

ပိုလ် တစ်ထောင်သော် အကျပ် လေးသောင်း၊ ပိဿာအားဖြင့် လေးရာ ရှိ၏။

ပိုလ် တစ်ထောင် တင်သော လေးဟု ခေါ်ဝေါ်သော အရာတို့၌ ပိဿာ လေးရာ ရှိ၏။

အချိန် နှစ်ဆယ်သည် ဘာရ တစ်ခု ဖြစ်၏။ တစ်ချိန်သည် ဘာရ လေးဆယ် ဖြစ်သောကြောင့် ဘာရ တစ်ခုသည် အကျပ် လေးသောင်း၊ ပိဿာအားဖြင့် ရှစ်ရာ ရှိ၏။

ဤကား အဘိဓာန်၌ ပြဆိုသော ချင့်တွက်ဟန် ဖြစ်သတည်း။

ထိုမှတစ်ပါး ဂဏန်းကျမ်း၌ ဆယ်လီမူး ဖွဲ့ပုံကို 'တိ သာသပါတီလာ ဥေယျာ' စသော ဂါထာဖြင့် တစ်မျိုး ပြဆိုပြန်သည်။

ယင်းဂဏန်းကျမ်း အရ ရှေးဆရာတို့က 'ဆယ်လီမူး စနစ်' အသုံး အနှုန်းကို လင်္ကာဖြင့် သီကုံး၍ ပြဆိုထားသည်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

## ဆယ်မူး တစ်ကျပ် တွက်ကိန်းပြ
## ဆယ်လီမူး လင်္ကာ

မြန်မာသချ်ာ၊ တွက်နည်းနာဝယ်၊ ဆယ်သာကျပ်ပြည့်၊ အကြွင်းရှိခါ၊ တွက်ဖို့ ရာကို၊ စဉ်လာရှေးထုံး၊ စီ၍ကုံးအံ့။ ။ တွက်ကျိုးကြွင်းလာ၊ မြှောက်စရာကား၊ မူးမှာတစ်ဆယ်၊ ပဲဝယ်နှစ်ပါး၊ ရွေးကားခြောက်မှန်၊ ဆန်နှမ်းစတု၊ သုံးခု မုန်ညင်း၊ မြူမင်းဦကာ၊ လိက္ခာသတ္တု၊ အနုပရမာ၊ ဆတ္တိံသာဟု၊ သေချာစဉ် သင့်၊ ဆယ့်နှစ်ဆင့်သည်။ ။ ကြွင်းဖြင့်မြှောက်ရန် သွယ်သွယ်တည်း။

ရှင်းချက်

၁။ ပရမာဏုမြူ - ၃၆ လုံးကို အဏုမြူ တစ်လုံး၊
၂။ အဏုမြူ - ၃၆ လုံးကို လိက္ခာ (ကညစ်ချေး) တစ်လုံး၊
၃။ လိက္ခာမြူ - ခုနစ်လုံးကို သန်းဦးခေါင်း (ဦကာ) တစ်လုံး၊
၄။ ဦကာ - သန်းဦးခေါင်း ခုနစ်လုံးကို မုန်ညင်းစေ့ တစ်လုံး၊
၅။ မုန်ညင်းစေ့ - သုံးလုံးကို နှမ်းတစ်လုံး၊
၆။ နှမ်းစေ့ - လေးလုံးကို ဆန်တစ်လုံး၊
၇။ ဆန် - လေးလုံးကို ချင်ရွေးငယ် တစ်လုံး၊
၈။ ချင်ရွေးငယ် - ခြောက်လုံးကို တစ်ပဲငယ်၊
၉။ နှစ်ပဲငယ်ကို တစ်မူးငယ်၊
၁၀။ ဆယ်မူးငယ်ကို တစ်ကျပ်၊
၁၁။ ကျပ်တစ်ရာကို တစ်ပိဿာ ခေါ်၏။
ဤကား ဂဏန်းကျမ်းလာ ဆယ်လီမူး တွက်နည်း ဖြစ်၏။

### ဆယ်လီမူး စနစ် ဘယ်ခေတ်က စသနည်း။

ဆယ်လီမူး စနစ်ကို မည်သည့် ခေတ်၊ မည်သည့် မင်း လက်ထက်မှ စ၍ အသုံးပြုကြောင်းကို ရာဇဝင်၊ ကျောက်စာ၊ သမိုင်းတို့၌ တိတိကျကျ ထောက် ပြချက်များကို မတွေ့ရချေ။ သို့သော် ယင်း ဆယ်လီမူး စနစ်သည် ပုဂံခေတ် က စခဲ့သည်ဟု ယူဆရန် ရှိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

အဘယ်ကြောင့် ဆိုသော် ပုဂံပြည် အနော်ရထာမင်း လက်ထက်၌ အသျှင်အရဟံကို အကြောင်းပြု၍ သာသနာ ရောက်လာခြင်း၊ ပိဋကတ် သုံးပုံ ရောက်လာခြင်းများကို ရာဇဝင်တို့၌ အထင်အရှား ဖော်ပြထားပေသည်။

နော်ရထာ မင်းသည် သာသနာတော်ကို အလွန် ကြည်ညို လေးစားသော ဘုရင် ဖြစ်သည့် အလျောက် ဗုဒ္ဓ၏ ပိဋကတ်တော်လာ စကားများ အတိုင်း တစ်သဝေမတိမ်း လိုက်နာ ပြုကျင့်သော ဘုရင် ဟူ၍ ထင်ရှားသော မင်း ဖြစ်လေသည်။

ပိဋကတ် သုံးပုံ အနက် ဝိနည်း ပိဋကတ်တော်တွင် အထက်၌ ဆိုခဲ့သော အတိုင်း ငွေကြေး အသုံးအစွဲနှင့် ပတ်သက်၍ ရာဇဂြိုဟ်ပြည်တွင် 'ဆယ်လီမူး စနစ်' ဖြင့် သုံးစွဲကြောင်းများ ပါရှိလာ၏။ ထိုအချက်ကို အနော်ရထာ မင်းသည် မျက်စိကျဟန် တူပေ၏။

ထို့ကြောင့်လည်း မိမိ နိုင်ငံ ပုဂံပြည်၌ ရာဇဂြိုဟ်ပြည်သုံး စနစ် အတိုင်း ဆယ်လီမူး စနစ်ဖြင့် အသုံးပြုရန် စီမံ ဖန်တီးခဲ့ခြင်း ဖြစ်တန်ရာသည်။

သို့မဟုတ် ယင်းအနော်ရထာ ဘုရင်၏ သားတော် ကျန်စစ်သားမင်း လက်ထက်လောက်မှ စတင် သုံးစွဲခြင်းသော်လည်း ဖြစ်တန်ရာသည်။

ကျန်စစ်သားမင်း လက်ထက်လောက်တွင် 'ဆယ်လီမူး စနစ်' ကို စတင် တီထွင်၍ အသုံးပြုခဲ့ကြောင်းက ပို၍ နီးစပ်၏။

အဘယ်ကြောင့် ဆိုသော် ယင်းကျန်စစ်သား မင်းကြီး နတ်ရွာစံသော အခါ မြေးတော် အလောင်းစည်သူမင်း နန်းတက်လာသည်။ မဟာ ရာဇဝင်ကြီး၌ အတိအလင်း ဖော်ပြ ပါရှိသော အလောင်းစည်သူမင်း၏ စီမံ ဆောင်ရွက်ချက်များကို ဤဆယ်လီမူး စနစ် အတွက် အလေးအနက်ပြု၍ စဉ်းစားလိုက်သည်။

ရာဇဝင်ကြီး၌ ဆိုပေသည်ကား ...

> နိုင်ငံတော် အလုံး၌ ခရိုင် မြို့ပြတို့ကိုလည်း အသုံးအဆောင် တစ်ချက်တည်း ဖြစ်စေလို၍ ချိန်၊ ကျပ်၊ ခွဲ၊ မတ်၊ မူး၊ ပဲ စသည်တို့ကို လည်းကောင်း၊ တင်း၊ ခွဲ၊ စိတ်၊ စရွတ်၊ ပြည်၊ ခွက်၊ စလယ် တို့ကို လည်းကောင်း စီရင်တော်မူ၍ တစ်ချက်တည်း ဖြစ်စေ၏။

ဤ၌ 'အသုံးအဆောင် တစ်ချက်တည်း ဖြစ်စေလို၍' ဟူသော စကား ဖြင့် မင်းကြီး၏ ဆန္ဒကိုလည်း ဖော်ပြသည်။

အနော်ရထာမင်း သို့မဟုတ် ကျန်စစ်သားမင်း လက်ထက်မှ စတင်၍ အသုံးပြုလာခဲ့သော 'ဆယ်လီမူး စနစ်' မှာ အမြစ် မခိုင်လှသေးဘဲ စပ်ကူး


mgyoe.com

mgyoe.com SAMPLE BOOK

မပိကူး ကြားကာတွင် လျော့ရဲရဲနှင့် အသားမကျ တည်ငြိမ်မှု မရသေးဘဲ ဖြစ်နေသောကြောင့် အလောင်းစည်သူ မင်းကြီးသည် မင်းအာဏာဖြင့် ကြပ်မတ်လျက် 'ဆယ်လီမူး စနစ်' ကို အုတ်မြစ်ခိုင်အောင် ပြုလုပ် ဆောင်ရွက်ခြင်းကိုလည်း ဖော်ပြရာ ရောက်ပေသည်။

စနစ်ဟောင်းကို ပစ်၍ စနစ်သစ် တစ်ခုသို့ ကူးပြောင်းရာ၌ ရုတ်တရက် အသားမကျနိုင်သေးဘဲ လျော့ရဲရဲ ဖြစ်နေတတ်သည် ဖြစ်ရာ ဤအချက်ကို ထည့်သွင်း စဉ်းစားလျှင် ဆယ်လီမူး စနစ်သည် ပုဂံပြည် အနော်ရထာမင်း လက်ထက်၊ သို့မဟုတ် အလောင်းစည်သူမင်း လက်ထက်လောက်တွင် စတင်ပေါ်ပေါက်လာသည်ဟု ယူဆရန် အကြောင်း ရှိပေသတည်း။

(ဤကား စာရေးသူ၏ တွေးခေါ် ယူဆချက်မျှသာ။)

၁၉၇၂၊ ဇွန်လ၊ ငွေတာရီ မဂ္ဂဇင်း။



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# လက်ထက်တော်ကြီးက ပြစ်မှုကြီးများ

'မြန်မာ့ လွှတ်တော် ဝန်ကြီး မှူးကြီးများ' စာအုပ်ကို အားလပ်ချိန် တစ်ချိန်တွင် ဖတ်မိသည်။ အပျင်းပြေစေသည်သာမက ရာဇဝင်များ၌ မတွေ့နိုင်သော 'ထူးထွေ တည့် အံ့ရာသော' ဖြစ်ရပ်များကို တွေ့ရသဖြင့် ရာဇဝင် ဗဟုသုတကိုလည်း ပွားစေသည်။

ယင်းစာအုပ်ကို ဖတ်ရင်း ကြက်သီးမွေးညင်းများပင် ထခမန်း ဧရာမ အံ့သြခြင်းကြီး ဖြစ်လာသည်။ အကြောင်းမူကား လွှတ်တော် ဝန်ကြီးများ ကိုယ်တိုင် ကာယကံမြောက် ကျူးလွန်သော ရာဇဝတ် ပြစ်မှုကြီးများ အကြောင်း ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။

ကျူးလွန်သော ပြစ်မှုများမှာ ...

၁။ ဘုရင့် ရွှေကို ခိုးမှု

၂။ ရိုက်မှု ထောင်းမှု

၃။ သူပုန်ကို ရိက္ခာ ထောက်ပံ့မှု

ယင်းပြစ်မှုကြီးများကို ကာယကံမြောက် ကိုယ်ထိလက်ရောက် ကျူးလွန် သူတို့ကား (၁) မင်းဆရာ မင်းတိုင်ပင် အမတ် လွှတ်တော်ဝန် ပခန်း မင်းကြီး ဦးရန်ဝေး၊ (၂) အဆောက်အဦ လုပ်ဆောင်ရေး ဌာန ဝန်ကြီး၊ စစ်ဘက်ဆိုင်ရာ ဌာန ဝန်ကြီး အဖြစ် အမှုထမ်းရွက်နေသော ပန်းပဲ ဝန်ကြီး ဦးမှို၊ (၃) မကွေး မင်းကြီး ဦးကြာဥတို့ ဖြစ်လေသည်။

ထိုလွှတ်တော် ဝန်ကြီး သုံးဦး အနက်တွင် ပခန်း မင်းကြီးက ဘုရင့် ဘဏ္ဍာတော် ရွှေအလေးချိန် ၄၅ ကျပ်သားကို ခိုးသည်။ ပန်းပဲ ဝန်ကြီးက ဘုရင့် ယောက်ဖတော် တောင်ထားဝယ် မိုလ်ကို ထောင်းသည်။ လက်ရောက် ကျူးလွန်မှု ဖြစ်သည်။ မကွေး ဝန်ကြီးက သူပုန် မင်းသားအား ရိက္ခာတော် ထောက်ပံ့လျက် အားပေးအားမြှောက် လုပ်သည်။ လွှတ်တော် ဝန်ကြီး ဟူသော



mgyoe.com

mgyoe.com SAMPLE BOOK

ဂိုဏ်ကို မွေ့ဖက်လျက်မှ ဤပြစ်မှုကြီးများကို အသီးသီး ကျူးလွန်ကုန်သည် ဆို၏။

## ပခန်း မင်းကြီး၏ ခိုးမှု

ပခန်း မင်းကြီး၏ အမည်ကား ဦးရန်ဝေး ဖြစ်၏။ ပခန်း မြို့သား ဖြစ်၍ ပခန်း မင်းကြီးဟု တွင်နေသည်။

ပခန်း မင်းကြီး၌ မနီ ဆိုသော နှမတော် တစ်ယောက် ရှိ၏။ ပခန်းသား ယောကျ်ား တစ်ဦးနှင့် အိမ်ထောင်ကျ၍ ပခန်းမှာပင် နေသည်။ သား တစ်ယောက် ရသော အခါ လင်ယောကျ်ား ကွယ်လွန်ရှာသဖြင့် သားတစ်ကောင်နှင့် တိုးလိုးတွဲလဲ ဆင်းရဲစွာ နေထိုင်ရရှာလေသည်။

'ညည်း မောင်ကြီး တစ်ယောက်လုံး လွှတ်တော် ဝန်ကြီး ရှိသားကပဲ၊ သူ့ဆီ သွားပြီး အကူအညီ တောင်းပါလားအေ့'

ပတ်ဝန်းကျင်၏ လှုံ့ဆော်ချက် အရ မနီသည် အရဲစွန့်၍ မောင်ကြီး ရှိရာ မန္တလေး နေပြည်တော်သို့ တက်သွားပြီး အကျိုးအကြောင်း ပြောပြကာ သူ့ မောင်ကြီးထံ အသနားခံလေသည်။

ထိုအခါ ပခန်း မင်းကြီးသည် နှမတော် ဖြစ်အင်ကို မရှုရက်၍ ထောက်ပံ့ပေးကမ်းချင်ရှာသော်လည်း ကြည့်ရှု စောင်မနိုင်လောက်အောင် သူ့ဘဝ အခြေအနေက မပေးသဖြင့် ပခန်း မင်းကြီးမှာ နှမကိုလည်း ထောက်ပံ့ခြင်း ပေးစရာ မရှိ၊ အင်မတိ အင်မတန် ပူပန်ခြင်း ဖြစ်ရလေ၏။

နှစ်ရက်ခန့် အကြာတွင် နှမကို အိမ်တော်မှာ ထားခဲ့ပြီး ဘုရင့် ပန်းထိမ်တော် အိမ်သို့ သွား၏။ ရွှေတုံး တစ်တုံးကို ပြပြီးလျှင် ပန်းထိမ်ဝန်ကို ချိန်ခိုင်းသည်။ ပန်းထိမ်ဝန်က ချိန်၍ ၄၅ ကျပ်သား ရှိကြောင်း လျှောက်လျှင် 'ဒီရွှေကို ငါ ယူသွားသည်ဟု ဘုရင်ကို သံတော်ဦး တင်လိုက်' ပြောပြီး ရွှေ ၄၅ ကျပ်သားကို ယူသွားလေရာ ပန်းထိမ်ဝန်မှာ မျက်လုံး အပြူးသားနှင့် ကျန်ခဲ့လေ၏။

အိမ်ရောက်သော် ပခန်း မင်းကြီးသည် နှမ မနီကို ခေါ်၍ ရွှေကို ပေး၏။ 'ရော့၊ အဲဒီ ရွှေတုံးဟာ ၄၅ ကျပ်သား ရတယ်၊ နင် ထုခွဲ၍ စားပေတော့၊ ယနေ့ပဲ ပခန်းကို ပြန်သွား၊ ဒီရွှေဟာ ငါ ပိုင်တဲ့ ရွှေ မဟုတ်ဘူး၊ ရှင်ဘုရင့် ရွှေ၊ အဲဒါကို ရှင်ဘုရင် မသိအောင် ခိုးလာခဲ့ပြီး နင့်ကို ပေးတာ၊

mgyoe.com

mgyoe.com SAMPLE BOOK

ငါ့မှာ ဝန်ကြီး ဖြစ်ပေမယ်လို့ ပစ္စည်း ပေါလိမ့်မယ်၊ ချမ်းသာလိမ့်မယ်လို့ နင် မထင်နှင့်၊ ရှင်ဘုရင် ပေးသမျှနှင့် လောက်အောင် စားသုံးနေရတယ်' ပြော ရင်း ရွှေ ၄၅ ကျပ်သားကို နှမအား ပေးလေသည်။

ထိုအချိန်တွင် ပန်းထိမ်ဝန်မှာ ကြောက်လန့်တကြားနှင့် ယောအတွင်းဝန် ဦးလှိုင်ထံ ပြေး၍ အကျိုးအကြောင်း လျှောက်ထားနေ၏။ ယောအတွင်းဝန်က တစ်ဆင့် ဘုရင့် ရွှေနားတော် အရောက် လျှောက်ထားပေးရလေ၏။

ထိုအခါ မင်းတုန်းမင်းတရားကြီးက အမိန့် ရှိသည်ကား 'ဆရာကြီး သည် ဤကဲ့သို့ တစ်ကြိမ်တစ်ခါမျှ မလုပ်စဖူး၊ အကြောင်း တစ်ခု ရှိလိမ့်မည်၊ ဆရာကြီးထံ မောင်လှိုင် ကိုယ်တိုင် သွား၍ စုံစမ်းလိုက်ပါ' ဟု စေ၏။

ဦးလှိုင်သည် အမိန့်တော် အတိုင်း ပခန်းမင်း အိမ်သို့ သွားလေ၏။ ရောက်လျှင် 'ဩော် မောင်လှိုင်လား၊ ဘာကိစ္စ၊ အတွင်းတော်က ဘာပါသလဲ ကွယ့်'

'မှန်လှပါ၊ ပန်းထိမ်ဝန်က ကျေးဇူးရှင်ဘုရား၏ ရွှေတုံး တစ်တုံးကို မင်းကြီး ယူသွားကြောင်း လာရောက် လျှောက်တင်ပါသည် ဘုရား'

'အိမ်း ဟုတ်၏၊ ငါ ယူခဲ့သည်မှာ အမှန်ပင်' ဟု ပြောပြီး အနီးတွင် ရှိသော မနီကို လက်ညှိုး ညွှန်ကာ 'ဟော သူဟာ ငါ့နှမ အငယ်ဆုံး မိနီတဲ့ ကွယ့်၊ သူ့ခင်ပွန်းသည် ကွယ်လွန်၍ အတိ ဒုက္ခ ရောက်နေရှာတဲ့ အတွက် သူ့ မောင်ကြီး ငါက မင်းကြီး ဖြစ်နေလေတော့ ခိုကိုးရန် ရောက်လာသည်၊ ငါ့မှာ လည်း မောင်လှိုင် သိသည့် အတိုင်း ရှင်ဘုရင်က လစာ ချီးမြှင့်သည်မှာ အခြွေအရံများကို ပေးကမ်း ဝေငှ စားသောက်ရသောကြောင့် အပိုအလို မရှိ ဖြစ်နေသည်၊ သို့ကြောင့် ငါ့နှမအား ပေးလိုက်စရာ ရှိ၍ ကိုယ့် ရှင်ဘုရင့် ပစ္စည်း ရွှေတုံးကလေး ၄၅ ကျပ်သားကို ယူပြီး သင်းကလေးကို ငါ ပေးထား ပေ၏။

'မောင်လှိုင်၊ အကယ်၍ အပြစ်ခံရသော်လည်း ကိုယ့်အရှင် ပေးသော အပြစ်ကို ခံရခြင်းသည် ကောင်း၏၊ ထိုပစ္စည်း အတွက် သံသရာကြွေး ခံရ သော်ငြား ကိုယ်လည်း ကိုယ့်အရှင်ထံ ခံရခြင်း၊ ကိုယ့်အရှင် စေခိုင်းရာကို ခံ ရခြင်း၊ ကိုယ့်အရှင်ဝန်ကို ဆောင်ရွက်ရခြင်းသည် ကောင်းသကွယ့် မောင်လှိုင်'

ယောအတွင်းဝန်သည် ပခန်း မင်းကြီး၏ စကားကို ယူခဲ့၍ မင်းတရား ကြီးထံ သံတော်ဦး တင်လတ်သော် မင်းတရားကြီးသည် ပြုံးတော်မူလေ၏။ ရွှေနှလုံးတော်နှင့် တွေ့လေရကား 'မောင်ရင်လှိုင်၊ ဆရာကြီး ယူသော ရွှေတုံး

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးကို တိုက်တော်က ငွေတစ်သောင်း ထုတ်၍ ရွေးယူလိုက်ပါ’ ဟု မိန့်တော်မူသတည်း။

ဤအဖြစ်ကို ကြည့်လျှင် ကုန်းဘောင်ခေတ် နောက်ပိုင်း မင်းတုန်းမင်းတရား၏ လက်ထက်၌ စာရေး စာချီမှ အစ မှူးကြီး မတ်ကြီးများ အထိ မင်းခယောကျ်ားတို့၏ ဘဝ အခြေမှန်ကို မြင်နိုင်သည်။

ပခန်း ဝန်ကြီး၏ ရိုးသားမှုနှင့် ကရုဏာ သက်ရောက်မှုများလည်း ပေါ်လွင်နေ၏။ (ဤကား လွှတ်တော် ဝန်ကြီး တစ်ဦး၏ ကာယကံမြောက် ခိုးမှု။)

## ပန်းပဲ ဝန်ကြီး၏ ရိုက်မှု

ငယ်မည် ဦးမှို ဖြစ်၏။ ဇာတိ အင်းဝမြို့။ မျိုးရိုး မှူးမျိုးနွယ်မှ ဆင်းသက်သူ ဖြစ်၏။

ဘကြီးတော်ဘုရား လက်ထက်၊ သည့်နောက် ရွှေဘို မင်းတရား လက်ထက် စသည်၊ နောက် ပုဂံမင်း လက်ထက်၊ သည့်နောက် မင်းတုန်းမင်းတရား လက်ထက် မင်း လေးဆက်တိုင်တိုင် ပန်းပဲ အတွင်းဝန်၊ သေနတ် ဝန်ကြီး၊ အဆောက်အဦ လုပ်ဆောင်ရေး ဌာန ဝန်ကြီး အဖြစ် အမှုထမ်းရွက်ရသူ ဖြစ်လေသည်။ ယနေ့ခေတ် အခေါ်အဝေါ်နှင့် ဆိုသော် ဦးမှိုသည် အင်ဂျင်နီယာချုပ်ကြီး ဖြစ်၏။

မင်းတုန်းမင်းတရား လက်ထက်၌ ပန်းပဲ ဝန်ကြီး ဦးမှိုသည် နန်းတော်ကို လည်းကောင်း၊ ကျုံးနှင့် မြို့ရိုးကို လည်းကောင်း၊ ထိုမှ တစ်ပါး ပုဂံမင်း ကောင်းမှုတော် အိမ်တော်ရာ ဘုရားကို လည်းကောင်း၊ မင်းတုန်းမင်း၏ ကောင်းမှု ကုသိုလ်တော် စေတီကို လည်းကောင်း၊ လောကမာရဇိန် စေတီကို လည်းကောင်း၊ မြောက်မင်း စံကျောင်းတော်၊ သာသနာပိုင် တိုက်တော်ကြီးကို လည်းကောင်း ကိုယ်တိုင် ကြပ်မတ်၍ တည်ဆောက်ရုံမက မင်းတုန်းမင်းတရား တင်လှူသည့် ရွှေတိဂုံ စေတီ ထီးတော်ကြီးလည်း ပန်းပဲ ဝန်ကြီး ဦးမှိုပင် လုပ်ဆောင်ခဲ့လေသည်။

မင်းကြီး ဦးမှိုကား စိတ်ထက်သန်၍ ဆုံးမစေ၏။ ဤသို့ ဆုံးမခြင်းသည် မင်းကြီး၏ ဉာဉ် ဖြစ်၏။ မိမိ၏ အလုပ်ကို ဝင်ရောက် စွက်ဖက်လျှင် လွန်စွာ ဒေါသ ထွက်တတ်၏။



mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခါ တစ်ပါး၌ မောင်တိုး ဆိုသူသည် ပန်းပဲ ဝန်ကြီး၏ အလုပ်ခွင်သို့ ရောက်လာပြီး တတ်ယောင်ကားနှင့် နှမ်းဖြူး စကား ပြောနေ၏။ ထို မောင်တိုးကား အညတြ မောင်တိုး မဟုတ်၊ မင်းတုန်းမင်းတရားကြီး၏ ရွှေယောက်ဖ တော် အရင်းခေါက်ခေါက် ဖြစ်၏။

ခုနစ်ရာ မိဖုရားသည် မောင်တိုး၏ အစ်မတော်ရင်း ဖြစ်သောကြောင့် အစ်မ၏ မျက်နှာကို ထောက်၍ မင်းတုန်းမင်းက မောင်တိုးအား 'တောင်ထားဝယ် သေနတ်ဗိုလ်' ရာထူး ပေး၍ သူကောင်း ပြုခြင်း ခံရသူ ဖြစ်လေသည်။

မောင်တိုးက အစ်မ မျက်နှာ ရာထူး အရှိန်အဝါဖြင့် နေရာတကာ၌ စွာကျယ်ကျယ် လုပ်လေ့ ရှိရာ သူ့ ဝါသနာ အတိုင်း ပန်းပဲ ဝန်ကြီးကိုလည်း စွာကျယ်ကျယ် သွား၍ လုပ်လေ၏။ ထိုအခါ ပန်းပဲ ဝန်ကြီးက စကား တစ်ခွန်းမျှ မပြောဘဲ လူပုံ အလယ်တွင် လည်ကုပ်ကို နှိမ်၍ ထောင်းလေသတည်း။

တောင်ထားဝယ်ဗိုလ် မောင်တိုးက မခံမရပ်နိုင် ဖြစ်ကာ သူ့အစ်မ ခုနစ်ရာ မိဖုရားကို တိုင်သည်။ မိဖုရားက တစ်ဆင့် ထိုကာယကံမြောက် ရိုက်နှက် ထောင်းထုမှုကြီးမှာ ဘုရင့် ရွှေနားတော် ပေါက်ကြားသွားလေသည်။

ညီလာခံတွင် မင်းတုန်းမင်းတရားသည် ယင်းရိုက်နှက်မှုနှင့် ပတ်သက်၍ ပန်းပဲ ဝန်ကြီးအား အမေးတော် ရှိသည်တွင် ဝန်ကြီးက တင်လျှောက်သည်ကား 'တင်ပါသည် ဘုရား၊ တောင်ထားဝယ် သေနတ်ဗိုလ် တိုးသည် မိမိအား ခန့်အပ်ထားသည့် ဗိုလ်နေရာ၌ မနေ၊ ဝန်ကြီးတို့၏ လုပ်ဆောင်ရေးရာ၌ လာ ရောက်၍ ဩဇာ အာဏာ ပြပါလေသည်၊ ဤသို့ ပြုမူခြင်းကား ငါ၏ အစ်မ က မိဖုရား၊ ရှင်ဘုရင်က ငါ့ယောက်ဖ ဟူ၍ အစ်မနှင့် ယောက်ဖ အားကိုးဖြင့် ဝန်ကြီးများ အပေါ် ဩဇာ အာဏာ ပေးခြင်း ဖြစ်သောကြောင့် နောင်ကို အရှင့် အရေးတော် ယုတ်လျော့မည်ကို မြင်၍ သင်းလည်း တစ်သက်လုံး မှတ် ရန်၊ အခြား အမှုထမ်းတို့လည်း ကြောက်ရွံ့ရန်၊ မိဖုရား၏ မောင်၊ ရှင်ဘုရင်၏ ယောက်ဖ တောင်ထားဝယ် သေနတ်ဗိုလ် တိုး မိုက်တွင်း နက်လှသဖြင့် ကိုယ်တိုင် ထောင်း၍ စီရင်လိုက်ပါသည်' ဤသို့ လျှောက်လျှင် မင်းတရားကြီး က ပြုံး၍ မိဖုရားကို လှည့်ကြည့်လိုက်ရာ မိဖုရားမှာ မည်သို့မျှ မလျှောက် တော့ဘဲ ငုံ့၍သာ နေလေ၏။

ဤဖြစ်ရပ်မှာလည်း မိမိနှင့် ရင်းနှီးသူ အာဏာပိုင်များ အားကိုးဖြင့် ဝင်ရောက် စွက်ဖက်ခြင်း မပြုအပ်ကြောင်း သင်ခန်းစာ ဖြစ်စေ၏။ ဤသို့

mgyoe.com

mgyoe.com SAMPLE BOOK

ပြုခြင်းအားဖြင့် မိမိဌ လည်းကောင်း၊ အာဏာပိုင် ပုဂ္ဂိုလ်ဌ လည်းကောင်း ဂုဏ်သိက္ခာ ကျဆင်းအောင် လုပ်သည် မည်၏။

မင်းတုန်းမင်းတရား၏ ပြုံးတော်မူခြင်းသည်လည်း 'ဒီလို တိရစ္ဆာန် ကောင်မျိုးကို ဒီလို ဆုံးမတာပဲ ကောင်းသည်' ဟူ၍ ကောင်းချီး မင်္ဂလာ ပြုသည့် အပြုံးမျိုးဟု ဆိုသင့်ပေသည်။

## မကွေး မင်းကြီး၏ သူပုန်ကို ရိက္ခာ ထောက်ပံ့မှု

ဤ ဖြစ်ရပ်ကား မြင်ကွန်း မင်းသား အရေးတော်ပုံနှင့် ဆက်စပ်နေသည်။ မြင်ကွန်း မင်းသားက ဘထွေးတော် အိမ်ရှေ့စံ ကနောင် မင်းသားကို သတ်ပစ်လေသော အခါ ကနောင်မင်း၏ ရင်သွေးတော် ပတိမ်း မင်းသားမှာ မခံမရပ်နိုင်ဖြစ်ပြီး ပုန်ကန်လေတော့သည်။

ဤသည့် ပုန်ကန်မှုကြီးဌ နန်းတွင်းမှ နေ၍ မကွေး မင်းကြီး ဦးကြာဥ က လျှို့ဝှက်ကာ ရိက္ခာများ ထောက်ပံ့ခြင်း ပြုသည် ဆို၏။

နောက်အရေးတော် ပြီးသွားသော အခါ 'မကွေး မင်းကြီးက စားနပ်ရိက္ခာ ထောက်ပံ့ ကူညီခဲ့သည်' ဟူ၍ အမှုကြီး ပေါ်လာလေ၏။ သို့သော်လည်း မကွေး မင်းကြီးက ရွံ့ကြောက် တုန်လှုပ်ခြင်း အလျှင်းပင် မရှိ။

မင်းတုန်းမင်းတရားသည် သူ ပြောတိုင်း ယုံကြည်တော် မမူလေဘဲ အမှုမှန် ဖြစ်စေရန် အလို့ငှာ မကွေး မင်းကြီးကို ရှေ့တော်သို့ ခေါ်စေလျက် မှူးမတ်ဗိုလ်ပုံ စုံရာ ရှေ့မှောက်ဌ ကိုယ်တိုင် စစ်ဆေးတော်မူလျှင် မကွေး မင်းကြီးက ကွယ်ဝှက်ခြင်း မရှိ၊ ဟုတ်မှန်ကြောင်း ဝန်ခံ သံတော်ဦး တင်လိုက်၏။

ထိုအခါ 'ကောင်းပါပြီ၊ အမတ်ကြီးသည် လွှတ်တော် တရားသူကြီး လည်း ဖြစ်သည်၊ အမတ်ကြီး၏ အမှုကို အမတ်ကြီး ကိုယ်တိုင် စီရင်ချက် ချရမည်' ဟု မိန့်တော်မူ၏။

ထိုအခါ မကွေး မင်းကြီးက မိမိ တရား အတွက် မိမိကိုယ်တိုင် တရားသူကြီးကောင်းတို့၏ နေရာ ရပ်တည်လျက် စီရင်ချက် ချလိုက်သည်ကား 'သူပုန်ရန်သူအား စားနပ်ရိက္ခာများ ထောက်ပံ့သော သူသည် မြို့ကို ကျော်သော အပြစ် ဖြစ်သောကြောင့် သက်ရှိ သက်မဲ့ ဥစ္စာ ပစ္စည်း အားလုံးကို သိမ်းစေ၊ ရာထူး စည်းစိမ်ကို နုတ်သိမ်းစေ၊ တစ်ဆွေလုံး တစ်မျိုးလုံးလည်း မီးလောင်တိုက် သွင်းစေ၊ မိမိကိုလည်း သတ်စေ' ဟူ၍ စီရင်လေသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

ဤ စီရင်ချက်ကြောင့် မင်းတုန်းမင်းတရားမှာ အံ့အားသင့်သွားစွာဖြင့် ဤသို့ မိန့်တော်မူ၏။

'မင်းကြီးသည် မင်းအဆက်ဆက် အမှုတော်ကို ထမ်းဆောင်ခဲ့သော ဂုဏ်ထူး ရှိသည်၊ မိမိ ကိုယ်တိုင်၌မှု အပြစ် ရှိသည်ကို မထိမ်မချန် ဟုတ်မှန်သည့် အတိုင်း တင်လျှောက်သည်၊ ရှေးထုံး ရှေးစံ စာတမ်းစာလာ ရှိသည့် အတိုင်း စည်းစိမ် ရာထူးကို မငဲ့ကွက်၊ အသက်နှင့် တကွ ဆုံးရှုံးစေရန် ရဲရဲဝံ့ဝံ့ မှန်ကန်ရာ တရားလမ်း ရှိသည့် အတိုင်း စီရင်ချက် ပေးကြောင်း လျှောက်တင်ဝံ့သော ဂုဏ်ထူး ရှိပေသည်။

'ယင်းသို့ ဖြောင့်မတ်သော မင်းကြီးကို ၎င်းစီရင်ချက် ချသည့် အတိုင်း မပြု မစီရင်ထိုက်ပေ၊ မိမိ အသက် စည်းစိမ်ကို စိုးရိမ်သောကြောင့်သာ စားနီးရာကို စိုးရသော အရာ ဖြစ်ချေသည်၊ သို့ဖြစ်၍ သက်တော်ရှည် မင်းကြီး ရာထူးကို ချီးမြှောက်တော်မူလိုက်သည်' ဟူ၍ မိန့်တော်မူပြီးလျှင် ကျောက်စီတောင်ဝှေးကို သနားတော်မူလေသတည်း။

ဖော်ပြခဲ့ပြီးသော ရာဇဝတ်မှုကြီးများမှာ လူသာမန်တို့ ကျူးလွန်သော ပြစ်မှု မဟုတ်သည့် အပြင် ကာယကံရှင် တရားခံ ဝန်ကြီးများ ကိုယ်တိုင်ကပင် ဖြောင့်ဆို ဝန်ခံသဖြင့် တကယ့် အမှုမှန်များ ဖြစ်နေပေ၏။

သို့သော် အမြော်အမြင် ရှိသော မင်းတုန်းမင်းတရားကြီးက အမှု၏ အများပိုင်းကို မရှုလေဘဲ ယင်းအပြစ်ကို လိုက်၍ 'မှုပြစ် ထင်ရှားလေတိုင်းကိုလည်း အပြစ် မပေးအပ်' ဟူသော သာဓက တစ်ရပ် အဖြစ်ဖြင့် ရာဇဝင်၏ တစ်နေရာတွင် ဆီမီး တစ်ခွက် လင်းလင်းလက်စေခဲ့ပေသတည်း။

၁၉၇၁၊ စက်တင်ဘာလ၊ ဖြူနှီညိုပြာ မဂ္ဂဇင်း။



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# သင်္ကြန် ဆောင်းပါး ရေးသော အခါ

ကမ္ဘာ မတုံးသရွေ့ သင်္ကြန် တုံးမည် မဟုတ်။ ကမ္ဘာ မပြုန်းသရွေ့ သင်္ကြန် ပြုန်းမည် မဟုတ်။ သင်္ကြန်သည် ကမ္ဘာနှင့် အမျှ 'မဆုံး သံသရာ' အဖြစ်ဖြင့် ကျင်လည်နေလိမ့်မည်သာတည်း။

လူတွေက သိသိ မသိသိ၊ လူတွေက အမှတ် ပြုပြု မပြုပြု သင်္ကြန်သည် လူကို အမှုမထားဘဲ သွားမြဲတိုင်း သွား၍ ကျမြဲတိုင်း နှစ်စဉ် အချိန် မှန်မှန် သင်္ကြန် ကျနေမည်သာ ဖြစ်၏။ အချိန် ကာလ နာရီ၊ မိနစ်၊ စက္ကန့်တို့သည် တည်မြဲသော သဘော မရှိ။ အမြဲ ကူးပြောင်း ရွေ့လျားနေသည်ကိုပင် 'သင်္ကြန်' ဟု ဆိုသည် မဟုတ်ပါလော။

နှစ်စဉ် သင်္ကြန် ကျလေတိုင်း သင်္ကြန် ဆောင်းပါးများကို သူရေး ငါရေး ရေးရေးလာခဲ့ကြသည်မှာလည်း အပ်ကြောင်း ထပ်ခဲ့ပြီ။ ထူး၍ မဆန်းသော ဆောင်းပါးများသာ  ဝေဆာခဲ့သည်။ ဝကို ဝိုင်းစက်ရုံ အပြင် ဘယ်သူ ရေး တတ်မည်နည်း။

သို့သော် အိုနေသော အိမ်ကြီးပင် ဖြစ်စေကာမူ ဆေးသုတ်လိမ်း၍ ပိန်း နေအောင် ခြယ်သထားလျှင် သို့မဟုတ် ရေနံ ရွှဲနေအောင် သုတ်ထားသော အခါဌမှုကား တစ်မျိုး ဆန်းသစ်ပြီး ချစ်စရာ ကောင်းသည်ဟု ထင်လာစေသည်။

လွန်ခဲ့သော နှစ်က သင်္ကြန် ဆောင်းပါးကို 'ပိတောက် တစ်ခက်၊ တစ်သက် လက်ဆောင်' အမည်ဖြင့် ဤမြဝတီ မဂ္ဂဇင်းမှာပင် ကျွန်ုပ် ရေး ခဲ့၏။ အိမ်အိုကြီးကို ရေနံ သုတ်လေသည့် သဘောမျိုး၊ 'ပိတောက်က ပြော သော ပုံပြင်' အသွင်ဖြင့် တန်ဆာဆင်ခဲ့ရာ ထိုဆောင်းပါးမှာ ပိတောက်နှင့် အပြိုင် သင်းနိုင်၊ ကြူနိုင်၊ မွေးနိုင်ခဲ့သည်။

သည်နှစ် သင်္ကြန်မှာ ဘာရေးရမည်နည်း။ ထိုအခါ ကျွန်ုပ်သည် အဖော် ကို မျှော်သည်။ အဖော် ဆိုသည်ကား စာရေးလေတိုင်း ကျွန်ုပ်အား အမြဲတစေ



mgyoe.com

mgyoe.com SAMPLE BOOK
အထောက်အကူ ပြုဖော်ရပေသော အဆွေမွန် ဖြစ်သည်။ အဖော်မွန်က ကျွန်ုပ်အား လမ်းပေါ် ခေါ်ခေါ်ပြီး သင်သည်။ ရေးသားရန် အချက်အလက်များကို ကွင်းခနဲ ကွက်ခနဲ မြင်အောင် ပြသပေးပေသည်။ နည်းပေးလမ်းပြ လုပ်သည်။

ထို့ကြောင့် ကျွန်ုပ်သည် သကြ်န် ဆောင်းပါး ရေးရန် အတွက် အဖော်မွန်ကို မျှော်သည်။ တောင့်တခြင်း ပြုမိသည်။ ကျွန်ုပ်မှာ အဖော်မွန်နှင့် ကင်း၍ စာမရေးတတ်တော့သလို ဖြစ်လာခဲ့သည်မှာ ကြာချေပြီ။

အများအားဖြင့် ကျွန်ုပ် ရေးသော စာမှာ 'လမ်းပေါ်က စာ' က များနေခြင်းမှာ ထိုသည့် အဖော်မွန်ကြောင့်ပင် ဖြစ်သည်။

ကျွန်ုပ်သည် ဆင်းရဲ ဇာတာ ပါလေ၍လား မပြောတတ်၊ အရေးကြီးသော ကိစ္စ မရှိခဲ့သော် လမ်းလျှောက်သွားရမှာကို ဝန်မလေးတတ်။ ကားမှတ်တိုင် ရှေ့တွင် ခြေစုံ ရပ်လျက် ကားကို မျှော်ရင်း ဒုက္ခရစရိယာ ကျင့်မည့်အစား ကိုယ်ပိုင် ကားကို အားကိုးသည်။ ထုတ်၍ စီးသည်။ ခြေနှစ်ဖက်မြှောက် တမတ်စောက်စောက်နှင့် လျှောက်လေ့ ရှိသည်။

ရေးမည့် အကြောင်းအရာကို လမ်းလျှောက်ရင်း တွေးတွေးသွားလေ့ ရှိသည်။ တွေး၍ ရသမျှကို ဦးနှောက်ဖြင့် ထုပ်ကာ တေးတေးယူခဲ့သည်။ အလုပ်စားပွဲ ရောက်လေသော အခါ တေးလာခဲ့သမျှကို အချောကိုင် ရေးရေးယူလေ့ ရှိသည်။

ထို့ကြောင့် ကျွန်ုပ်၏ စာများသည် ပန်ကာ အောက်၌ ရေးသော်လည်း စင်စစ် ပန်ကာ အောက်က စာမဟုတ်လေဘဲ လမ်းပေါ်က စာသာ ဖြစ်ခဲ့သည်။ ဤသို့ လမ်းလျှောက်ရင်း၊ ကားစီးရင်း တွေးခြင်း ရေးခြင်းမှာ အကျင့် ဖြစ်နေ၏။ လမ်းသွားရင်း တွေးပြီး ရေးရမှပင် စိတ်တိုင်းကျတော့သလိုလို၊ စာပဲပိုပြီး ကောင်းတော့သလိုလို ကိုယ့်ကိုယ်ကိုယ် ထင်လာသည်။ ဤအထင်ကို မှားသည် ဆိုရမည်လား၊ မှန်သည် ဆိုရမည်လား မပြောတတ်။

ထိုအထင်ကြောင့် ကျွန်ုပ် စိတ်မှာ ရော့င်တက်လာသည်။ ဘဝင်ကိုင်လာသည်။ စားပွဲ၊ ကုလားထိုင်ကြီးပေါ်မှာ အခန့်သား ထိုင်၊ ဒန်တိုကို ပါးစောင်ခဲကာ တွေးတောမှုမျိုးကို မလိုလားချင်တော့။ စာရေး စားပွဲသည် လမ်းပေါ်က ယူဆောင်လာခဲ့သော ကုန်ကြမ်း ပစ္စည်း တွေးတောချက်များကို အက္ခရာ တင်ပြီး အချောကိုင်ရာ ဌာန ဟူ၍သာ သဘောထားလာသည်။

သည်မျှသာမက စားပွဲကသော် လည်းကောင်း၊ ကုလားထိုင်ကသော် လည်းကောင်း စာကောင်းပေးကောင်း ထွက်လာအောင် တတ်နိုင်လိမ့်မည်၊ လုပ်

mgyoe.com SAMPLE BOOK

ပေးနိုင်လိမ့်မည် ဟူ၍လည်း မယူဆလေတော့ဘဲ စာအတွက် ဆိုလျှင် လမ်းပေါ်က အဖော်မွန်ကိုသာ မျှော်လေတော့သည်။ ဤအကျင့်၊ ဤဉာဉ်ကို ဖျောက်၍ မရတော့။ သေရာပါဉာဉ် ဖြစ်ချေတော့မည်တည်း။

ထိုဉာဉ်က ကျွန်ုပ်အား အဘယ်မျှ လွမ်းမိုး၊ အဘယ်မျှ အနိုင်ကျင့်သနည်း ဆိုသော် ပညာရေးနှင့် ပတ်သက်၍ စာနှစ်အုပ်ကို ခြောက်လနှင့် အပြီး ရေးသားရန် တာဝန် လွှဲအပ်ခြင်း ခံရစ အချိန်က ဆိုလျှင် ကျွန်ုပ်၏ အဖော်မွန်က ကျွန်ုပ်အား လမ်းကြိုလမ်းကြားထဲ ခေါ်ခေါ်ပြီး အကြိမ် များစွာ တွေ့သည်။ အသေးစိတ် ဆွေးနွေးခြင်း ပြုသည်။ သို့သော် လမ်းစမျှ မပေါ်ခဲ့ပါ။

ကျွန်ုပ် ပြုစုရမည့် ကျမ်းစာများ အတွက် ယင်းကျမ်း၌ ပါရှိစေရမည့် အကြောင်းအရာ၊ သဘော သဘာဝ၊ အချက်အလက်များနှင့် ပတ်သက်၍ အပန်းမကြီး၊ တာဝန် မလေးလှပါလေဘဲ 'မည်သို့ မည်ပုံ အစီအစဉ် ပြုလုပ်မည်' ဆိုသော ကိစ္စ၌ ခေတ်နှင့် လည်းကောင်း၊ ပို့ချသူ၊ သင်ယူသူများနှင့် လည်းကောင်း အံဝင်ခွင်ကျ ဖြစ်အောင် ချိန်ဆရသော အလုပ်ကား 'စစ်ပွဲ တစ်ရာနွဲလိုက်ချင်ရဲ့' ဟူသော တွံတေး သိန်းတန်၏ သီချင်း အတိုင်း ဖြစ်နေကာ တစ်နေ့ ထစ်နေသည်။ ဘဲဥကို အစ ရှာမတွေ့သည့် ကိန်းမျိုး ဆိုက်နေခဲ့ပါသည်။

ထိုကိစ္စတွင်ကား ကျွန်ုပ်၏ အဖော်မွန်လည်း မတတ်နိုင်တော့။ လမ်းကြိုလမ်းကြားသို့ အကြိမ်ကြိမ် ခေါ်၍ တွေ့သော်လည်း အကြောင်း မထူး။ ယုတ်စွအဆုံး အိမ်သာ တက်နေတုန်း အချိန်ပါ မကျန် တွေးသော်လည်း၊ ရေးပါသော်လည်း ဦးနှောက်သာ အရည် ပျော်ခဲ့သည်၊ အကျိုးကား မထူးခြားခဲ့ပါ။

သို့သော် တစ်ရံရောအခါတွင်မူ ကျွန်ုပ်၏ အဖော်မွန်က ကျွန်ုပ်ကို ရန်ကုန် ဆေးရုံကြီးပေါ် ခေါ်သွားပြီး တိုးတိုးတိတ်တိတ် နားရွက် ဆိတ်ပြီး ပြောကြားပါလေ၏။

မှတ်မိပါသေး၏။ လွန်ခဲ့သော နှစ် သီတင်းကျွတ်လ အတွင်းက ဖြစ်ပါသည်။ ကျွန်ုပ်နှင့် အလွန် ခင်မင် ရင်းနှီးသူလည်း ဖြစ်၊ ရပ်ကွက် တူနေလည်း ဖြစ်သူ မိတ်ဆွေ တစ်ဦး ဆေးရုံ တက်နေရသဖြင့် ညနေ ရုံးဆင်းချိန်တိုင်း နေ့စဉ် လူနာ မေး ရောက်ခဲ့သည်။

လူနာကား မသက်သာလှ။ တစ်နေ့ထက် တစ်နေ့ လုံးပါးပါးရာက နောက်ဆုံး မေးခေါ်၍ မရတော့သော ဆိုးရွားသည့် အခြေအနေသို့ ရောက်လာသည်။ ထိုနေ့ကား သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ညနေစောင်း နေဝင်ဖျိုးဖျ အချိန်လောက်တွင် ကျွန်ုပ် ဆေးရုံကြီးပေါ် ရောက်နေပေပြီ။ မျက်စိ အောက်တွင် လူနာမှာ မျက်လုံး ကြောင်တောင်နှင့် ဖုတ်လိုက် ဖုတ်လိုက် ဖြစ်နေရှာ၏။ လူနာ အတွက် မရှုရက်ရက် စိတ်များသည် အဆိပ် တက်သလို တဖျင်းဖျင်း တက်လာသည်။

ကျွန်ုပ်သည် မိတ်ဆွေ လူနာ၏ ဝေဒနာ ခံစားနေရချက်များကို မရှုရက် နိုင်လေသည့် အလျောက် ဆွေးတသိမ့်သိမ့် ဖြစ်နေခိုက်တွင် ကျွန်ုပ်၏ အဖော် မွန်သည် ကျွန်ုပ် အနားသို့ ဆတ်ခနဲ ပူးကပ်လာပြီး ဆွေးပူစိတ် ပျောက်အောင် အတွေးနှင့် အစားထိုး၍ ကျွန်ုပ်အား ဖြေဖျောက်စေခဲ့ပါသည်။

ထိုအခါ ကျွန်ုပ်၏ စိတ်အာရုံသည် လူနာကို ကျော်လွှားကာ စာဝေဟင် ထဲဝယ် ငှက်နှယ် ဝဲနေသည်။ ပြုစုရမည့် ကျမ်းစာ အတွက် အပြန်ပြန်အလှန်လှန် တွေးမိသည်။ စိတ်ကူးဖြင့် ရေးကြည့်သည်။

ဤတစ်ချီတွင်မူ ကျွန်ုပ်၏ အဖော်မွန် စွံသွားပါလေပြီ။ ဤသို့ လူနာ ဘေးတွင် ထိုင်၍ တွေး ရေးနေရင်းမှ လိုလျှင် ကြံဆ နည်းလမ်း ရလာခဲ့သည်။ လမ်းအမျိုးမျိုး၌ လွှန်းထိုးသလို တိုးဝင်ကာ ကြိုးစားပမ်းစား ရှာခဲ့သော အစီ အစဉ် ထိုသဲလွန်စကို ဆေးရုံကြီးပေါ်ကျမှပင် ရလေတော့သည်။

အဖော်မွန်၏ ကျေးဇူးကြောင့် ဆေးရုံကြီးပေါ် လူနာ၏ထံပါးမှ ရလာခဲ့ သော ထိုအစီအစဉ် အတိုင်း အိမ်ရောက်သော အခါ ကောက်ကာငင်ကာပင် ကျမ်းစာ စတင်နိုင်ခဲ့ပါသတည်း။

အဖိုးတန် ဆင်စွယ်ကို လောကနတ်ရုပ် ထုလုပ်ထားသည့် အလား တိကျ ပြတ်သားပြီး အကျိုးများနိုင်မည့် အစီအစဉ်ကို ကျွန်ုပ် ချမှတ်နိုင်ခဲ့သဖြင့် ထိုအချိန်ကပင် ဆေးရုံကြီးကို အထောက်အကူ ပြုပေသော မိတ်ဆွေကောင်း တစ်ယောက်ဟု အသိအမှတ် ပြုလိုက်ပါသည်။

ယခုလည်း ဤသင်္ကြန် ဆောင်းပါး ရေးသားရန် အတွက် တသွက်သွက် လည်နေသော ပန်ကာ အောက်တွင် စတိုင်ကျကျ ထိုင်၍ ကျွန်ုပ် တွေးသည်။ ရေးရမည့် အကြောင်းအရာကို ရှာပါသည်။ မရသည့် အဆုံးတွင် ထုံးစံ အတိုင်း ကျွန်ုပ်၏ ဉာဉ်က လမ်းပေါ်က အဖော်မွန်ကို မျှော်လေတော့သည်။ သူ့ကြောင့် ပင် တမတ်စောက်စောက်နှင့် လမ်းပေါ်သို့ ကျွန်ုပ် ရောက်သွားပါလေပြီ။

နေရာကား ရန်ကုန် အရှေ့ပိုင်း၊ သိမ်ဖြူလမ်း၊ အစိုးရ ပုံနှိပ်တိုက်ကြီး ဘေး၊ အနော်ရထာ လမ်းပေါ်ရှိ ဗိုလ်တထောင် အထက ၅ ကျောင်း ရှေ့က ကားမှတ်တိုင်။

mgyoe.com

mgyoe.com SAMPLE BOOK

အချိန်ကား တပေါင်းလ နေ့ရှိန်၏ အပူဆုံး အချိန်။

ထိုအချိန်တွင် အရှေ့မှ အနောက်သို့ မောင်းလာသည့် အမှတ် ၁ ကားနှင့် အမှတ် ၃ ကားကို မှတ်တိုင် ရှေ့၌ ရပ်လျက် စောင့်နေသည်။ လာပါပြီ၊ လာပါလေပြီ။

သို့သော် ထိုမှတ်တိုင်၌ ဆင်းသူ မရှိ၍လေလား မပြောတတ်၊ လူ မပြည့်ပါဘဲလျက် မှတ်တိုင်တွင် မရပ်ဘဲ ကားသည် စွတ်မောင်း၍ ပြေးပါလေသောကြောင့် ချစ်ချစ်တောက် ပူပြင်းလှသည့် နေရောင် အောက်တွင် တမတ်စောက်စောက်နှင့် မေ့၍ ကျန်ခဲ့သည်။

ကျွန်ုပ်မှာ ထီးမပါသောကြောင့် နေမင်း၏ ရောင်ခြည်ရိပ်က ကျွန်ုပ်၏ ငယ်ထိပ်ကို တည့်တည့်ကြီး ထိုးပါလေ၏။ ထိုအခါ ထီးကို သတိရလာသည်။

တစ်နှစ် အတွင်း ထီး နှစ်လက်တောင် ဖျောက်ပစ်ရမည်လား ဟူ၍ မငေါက်ရုံတမည် အိမ်ရှင်မ ခများအား မျက်နှာတော် အို ညိုအောင် လုပ်မိသော အဖြစ်သနစ်များက မဆီမဆိုင် ဤနေရာတွင် နှစ်လက်ပြိုင် ပေါ်လာသည်။

ထီးတစ်လက်မှာ ဝါဆို၊ ဝါခေါင်လထဲတုန်းက မိုးရေ ရွဲရွဲနှင့် ထီးကို ဆိုင်ရှေ့ တံခါးဝတွင် ချိတ်ပြီး စာအုပ်ဆိုင်ထဲ ဝင်၍ စာအုပ် ဝယ်နေတုန်း အလစ်သမားက ဘုန်းသွားလေသောကြောင့် ဆုံးပါးခဲ့ရှာသည်။

ထိုအခါ အိမ်ရှင်မ ခများက မိုးရေ ရွဲရွဲထဲမှာ မကြည့်ရက်သဖြင့် အစားရှာပေးထားသော နောက် ထီးတစ်လက်မှာလည်း သူတော်ကောင်း သူမြတ်လောင်းတို့ ပေါများလှသော ယနေ့ ခေတ်တွင် လွန်ခဲ့သော တန်ဆောင်မုန်းလပြည့်နေ့တုန်းက တောင်ဥက္ကလာပ ကျောင်းတိုက်ကြီး တစ်ခုတွင် ကျင်းပခဲ့သော ကထိန် ပွဲတော်၌ နေ့ခင်းကြောင်တောင် လူလယ်ကောင်တွင် ခိုးရာနောက်သို့ ကောက်ကောက် ပါအောင် လိုက်ပြေးရှာပြန်လေသည့် အတွက် ကျွန်ုပ်မှာ ထီးလက်မဲ့ ဖြစ်နေပါသည်။

အိမ်ရှင်မ လုပ်သူကလည်း တစ်နှစ် မပြည့်မီ အတွင်း ထီး နှစ်လက် ဖျောက်ပစ်သည့် အတွက် ကျွန်ုပ် အပေါ်၌ မျက်မာန်တော် ပွား၍လေလား၊ သို့မဟုတ် ဆောင်းရာသီ ခေတ် ရောက်လာပြီ ဖြစ်၍ ထီး အသစ် ထူထောင် မပေးသေးခြင်းလေလား ဆိုသည်ကိုမူ တပ်အပ် သေချာ မပြောနိုင်ပါ။

ဆောင်းထီး မပါ ဗလာ နတ္ထိ နေပူကျဲကျဲတွင် ဖွဲနပဲ ကြီးကြီးနှင့် ရပ်၍ ကားကို မျှော်နေသည်။ စောင့်ရင်း စောင့်ရင်း ကားက မလာ။ မှတ်တိုင် ရှေ့တွင် လူသာ များများလာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုပရိသတ်ထဲတွင် ကျွန်ုပ်၏ အနီးသို့ ရပ်လာသူများမှာ ကျောင်းသူလေလား၊ ဆရာမလေလား သုံးလေးယောက်။ သူတို့၏ အရိပ်အာဝါသကို ခိုလှုံကာ မျက်စိမှာ အေးလာသည်။ စောစောပိုင်းက စပ်ဖျင်းဖျင်း ရှိခဲ့သော အပူများကို ဘယ်သူက သယ်ဆောင်သွားလေ မသိ၊ ယခုအခါ ရေခဲတုံးတမျှ အေးမြလာသည်။

သို့သော် တဒင်္ဂ တစ်ခဏမျှသာတည်း။ ကား မလာနိုင်သောကြောင့် သူကလေးတို့ တစ်သိုက်မှာ သုံးဘီးကား ခေါ်၍ လိုက်ပါသွားကြပါလေ၏။ ထိုအခါ နေသည် ပူမြဲပင် ပြန်၍ ပူလာပါသတည်း။ မှတ်တိုင် ရှေ့တွင် စုံရပ်လျက် နေမင်းကို မော်ကြည့်ကာ တေဇော ကသိုဏ်း ရှုရင်းမှ ဆောင်းပါးအတွက် သဲလွန်စ ရလာသည်။ လမ်းပေါ်က အဖော်မွန်က ညွှန်ကြားခြင်း ပြုလာသည်။

'သင်္ကြန် ဆောင်းပါး ရေးရင် နေကို ကြည့်ပြီး ရေး၊ သင်္ကြန် ဆိုတာ နေက ဖြစ်တာ၊ နေကို အကြောင်းပြုပြီး ဖြစ်လာတဲ့ သင်္ကြန် အကြောင်းကို နေကို ကြည့်ရေးရင် အမှန်ဆုံး ရလာမယ်'

ကျွန်ုပ် အဖော်မွန်၏ ညွှန်ကြားချက် အရ ကျွန်ုပ်သည် နေကို ကြည့်နေစဉ် ဖြုန်းခနဲ ကားတစ်စီး ထိုးရပ်လာ၍ တက်မည် ပြုသော်လည်း ဘဲအုပ်က တစ်ရာ နှစ်ရာ၊ မဇေဒါက တစ်ယောက်တည်း ဆိုသော ကြည်ကြည်ဌေး၏ သီချင်း အတိုင်း လူက တစ်ရာ နှစ်ရာ၊ ကားက တစ်စီးတည်း ဖြစ်သည့်ပြင် သူများလိုလည်း တိုး၍ တက်နိုင်စွမ်း ရှိသူ မဟုတ်သောကြောင့် ကျွန်ုပ် ကျန်ခဲ့ရပြန်၏။ ဤကျန်ခဲ့ခြင်းမှာ အကျန်ကောင်း ဖြစ်နေ၏။ သင်္ကြန် ဆောင်းပါးသည် ဦးနှောက်ထဲ ရောက်စ ရှိသေးရာ ကားပေါ် ပါသွားခဲ့သော် သဲလွန်စ ပျောက်ချင် ပျောက်သွားပေမည်။ ယခုမူ ကားစောင့်ခြင်း ဒုက္ခကို ကျွန်ုပ် လက်လျှော့လိုက်ပြီး သိမ်ဖြူလမ်းမှ အနောက်စူးစူး မြဝတီတိုက် ရှိရာသို့ လမ်းလျှောက်ရင်း ဆောင်းပါး ရေးဖို့ တွေးလာသည်။

'ဩ ငါ့ခေါင်းပေါ်က နေမင်းကြီးဟာ ထွက်ထွက်ချင်း ထိပ်ပေါ် ရောက်လာသည် မဟုတ်၊ အရှေ့ လောကဓာတ်မှ မနက်က ထွက်လာခဲ့ပြီး ခုခေါင်းပေါ် ရောက်နေသည်၊ တော်တော်ကြာ တဖြည်းဖြည်းနှင့် အနောက်ကျွန်း ရောက်အောင် ယွန်းပေဦးတော့မည်'

ပါဠိဋ္ဌ သင်္ကန္တ၊ သင်္ကတန် သင်းကြန္တ ဟူ၍ ရှိသည်။ အဓိပ္ပာယ်မှာ 'ကူးပြောင်းသည်၊ ကူးပြောင်းခြင်း' ဟု အနက်တူ ထွက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

နေမင်း၏ ကူးပြောင်းခြင်းကိုပင် ဆိုခြင်းပေတကား။ နေသည် မနက်တုန်း အချိန်က အမှောင်ကို ခွင်း၍ အလင်းသို့ ထွက်လာသည်။ သင်္ကြန်သည် ကူးပြောင်းခြင်း အဓိပ္ပာယ်ကို ဆောင်သည် ဖြစ်သောကြောင့် အမှောင်မှ အလင်းသို့ ထွက်လာခြင်းမှာလည်း ကူးပြောင်းခြင်းပင် ဖြစ်သဖြင့် နံနက် နေထွက်အခါကို 'နေထွက် သင်္ကြန်' ဟု ဆိုလျှင်လည်း ဖြစ်နိုင်သည်။ တစ်ဖန် ညနေစောင်းသွားလေသော အခါ နေမင်းသည် အရောင် အလင်းမှ အမှောင် အတွင်းသို့ ကူးပြောင်းသွားပြန်ပြီ ဖြစ်သောကြောင့် နေဝင် အခါကို 'နေဝင် သင်္ကြန်' ဟု ဆိုလျှင်လည်း ဖြစ်နိုင်သည်။

ထိုမှ တစ်ပါး လူတွေက နေထွက်လာသည်မှ နေဝင်သွားသည့် အချိန်ထိ ကာလကို နေ့၊ နေဝင်သွားသည်မှ နေထွက်လာသည့် အချိန်ထိ ကာလကို ည ဟူ၍ သမုတ်ကြသည်၊ ပညတ်ကြသည်။ ယင်း တစ်နေ့နှင့် တစ်ညကို တစ်ရက်ဟု ခေါ်ကြပြန်သည်။ ရက်ပေါင်း သုံးဆယ် ရှိသော အခါ တစ်လဟု သမုတ်ကြပြန်သည်။ တစ်လပြီး တစ်လ ဆက်လက်၍ ဖြစ်ပွားလာခြင်းမှာလည်း ကူးပြောင်းသည်ပင် ဖြစ်သောကြောင့် 'လကူး သင်္ကြန်' ဟူ၍ ဖြစ်သင့်ပြန်သည်။

ဤသို့အားဖြင့် နေ့၊ လ၊ ရက်ချိန် ပြက္ခဒိန်တို့သည် လည်းကောင်း၊ နာရီ၊ မိနစ်၊ စက္ကန့်ဟု ဆိုအပ်သော ကာလကြီး၊ ကာလငယ်တို့သည် လည်းကောင်း နေကို အကြောင်းပြု၍သာလျှင် ဖြစ်ကြရကုန်သောကြောင့် သင်္ကြန်ဆောင်းပါး ရေးသော အခါ ဤအချက်အလက်များကိုပါ ထည့်ရေးရန် တေးမှတ်ထားလိုက်သည်။

သို့နှင့် ပန်းဆိုးတန်း မီးပွိုင့် ရှေ့ ရောက်သွား၏။ မီးနီ ပြထားသောကြောင့် အရှေ့မှ အနောက်သို့ သွားသော ၁ နှင့် ၃ ကားများ၊ ၂ နှင့် ၁၂ ဟီးနိုး ကားငယ်များနှင့် အခြား ကားကြီးငယ်တို့ ရပ်၍ ငြိမ်သက် နေကြရသည်နှင့်အမျှ ပန်းဆိုးတန်း လမ်းပေါ်၌ကား ကားများ လှုပ်ရှားလျက် ရှိနေသည်။ ထိုအချိန်တွင် ကျွန်ုပ်၏ အတွေးများမှာလည်း လှုပ်ရှားကားများနှင့်ရောကာ မျောပါသွားလေသည်။

မီးစိမ်း ပြလေမှ ကားများနှင့် နင်လား ငါလား ကျွန်ုပ်၏ ခြေများလည်း လှုပ်ရှားကာ တမတ်စောက်စောက် ဆက်၍ လျှောက်စဉ် သင်္ကြန် အတွေးသည် ဦးနောက်သို့ ပြန်၍ ပြေးဝင်လာသည်။ နေဝန်း နီနီကြီးကိုပါ မျက်စိထဲ မြင်ယောင်လာသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဥတု သုံးပါး အပေါ်၌ နေမင်း၏ လှုပ်ရှားမှုများ အထိ အတွေးစိတ်က ချိတ်ဆွဲ ခေါ်ငင်သွားလေသည်။ နွေရာသီပေါ်ဝယ် နေမင်းက တော်တော် အနိုင် ကျင့်ပုံများ စိတ်အာရုံတွင် ထင်လာသည်။ နေမင်းသည် ဘာကြောင့်များ သည် လောက်တောင် နွေဥတုကို သေလုအောင် အပူတိုက်လေသနည်း။ ကမ္ဘာ တစ်ခု လုံး လောင်မြိုက်အောင် အဘယ်ကြောင့် မီးလောင်တိုက်ကြီး သွင်းပါလိမ့်။ မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည်တို့ ခြောက်ခန်းကုန်အောင် အဘယ်ကြောင့် များ အပူစွမ်း ပြလေသနည်း။

ထိုမှ တစ်ထောက် မိုးတွင်းသို့ ရောက်ပြန်လေသော အခါ မိုးရေတွေ သွန်ပြီး တရားလွန်အောင် အဘယ်ကြောင့် ရွာလေသနည်း။ မိုးခါတ်ကြောင့် မြေကြီးမှာ စိုစွတ်ပြီး အာပေါခါတ်လှိုင်လှိုင်နှင့် အစိမ့်ကိုင်နေသော မိုးရာသီကို ရှုကာ ဤသည်လည်း မှတ်စရာပင်ဟု တေးယူခဲ့သည်။

တစ်ဖန် မိုးနှောင်း ဆောင်းဦးပေါက် ရောက်ပြန်လေသောအခါ သဘာဝ ဖြစ်ရပ်များကို အကဲခတ်မိပြန်သည်။

ငွေနှင်းမှုန်မှုန်တို့သည် တသုန်သုန် ကြဲဖျန်းလျက် လောကခါတ် စက် ဝိုင်းကြီး တစ်ခုလုံးကို နှင်းပုလဲလုံးတို့ဖြင့် ဖုံးထားပုံများမှာလည်း တစ်မျိုး တစ်ဖုံ ဆန်းပြားနေသည်။

ကမ္ဘာကြီးကို နေက ကြိုးကိုင်နေသည်။ ကမ္ဘာသည် နေမင်း၏ ဩဇာ ကို မလွန်ဆန်နိုင်။ နေမင်းကြီးက ပူစေ ဆိုလျှင် ချက်ချင်း ပူပေးရသည်။ အေးစေ ဆိုလျှင် ချက်ချင်း အေးမြပေးရသည်။ မြေပြင် တစ်ခုလုံး မိုးရေတွေ ဖုံးစေ ဆိုလျှင်လည်း ဒလဟော ချက်ချင်း ရွာပေးရသည်။ ထို့အပြင် သစ်ပင် အပေါင်းတို့ အပေါ်၌ နေမင်း၏ ဩဇာ ညောင်းပုံများကိုလည်း စဉ်းစားမိလာ သည်။ အသီးချင်း တူသော်လည်း 'ဒီအသီး ဒီလမှာ မသီးနှင့်၊ ဟိုလကျမှ သီး' 'ဟိုပန်းက အသာနေစမ်း၊ နင် ပွင့်ခန်း မရောက်သေးဘူး' 'ဒီအခါမှာ ကြာ ပွင့်ရမယ့် အလှည့်၊ နင့် အလှည့်ကျမှ နင် ပွင့်' ဤသို့ စသည်ဖြင့် နေမင်းသည် အသီး အပွင့်တို့ အပေါ်၌လည်း တော်တော် ဩဇာညောင်းရုံမက သက်ရှိ သတ္တဝါ အပေါင်းတို့၏ နေရေး ထိုင်ရေး၊ သေရေး ရှင်ရေးမှ စ၍ နေမင်းကပင် သက်ရှိ သက်မဲ့ အားလုံးတို့၏ အပေါ်၌ လက်ဝါးကြီးအုပ် ချုပ် ကိုင် ကြိုးစိုး လွှမ်းမိုးလျက် ရှိကြောင်းများကိုပါ ကောင်းကောင်း သဘော ပေါက်လာခဲ့သည့် အလျောက် ထိုအချက်များကို လက်မလွတ်အောင် တေး ယူလာခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့နှင့် တမတ်စောက်စောက် လျှောက်လာရက်က ဘားလမ်းသို့ အရောက် တွင် ရုပ်ရှင်သမား မိတ်ဆွေ တစ်ယောက်နှင့် တွေ့သည်။ ထိုအခါ တေးယူ လာခဲ့သော သင်္ကြန်ကိုလည်း မေ့၊ နေဝန်း နီနီကြီးကိုလည်း မေ့၊ အကုန် မေ့ ကုန်သည်။ မေ့ရုံမျှမက နှစ်ယောက်သား လက်ဖက်ရည်ဆိုင် တစ်ဆိုင်ထဲသို့ ရောက်သွားကြပြီး လေပန်းကြပါတော့သည်။ ရုပ်ရှင် အကြောင်း၊ စာနယ်ဇင်း အကြောင်း၊ ဟိုအကြောင်း သည်အကြောင်း စသည် စသည်။

ဆိုင်ထဲက ထွက်လာသော အခါ နေ အတော် စောင်းသွားပြီ။ မြဝတီ တိုက်သို့ ဝင်ရန် အချိန် မရတော့သဖြင့် မီရာ ၁၇ ဟီးနိုးဖြင့် တောင်ဥက္ကလာ သို့ ပြန်ခဲ့သည်။ ထိုအခါ လူက ပြည့်ကျပ်ညပ်နေ၍ အသက်ရှူ ကျပ်လှသည့် ကြားမှ ကျွန်ုပ်၏ အဖော်မွန် ဉာဉ်ဆိုးက လွမ်းမိုးလာပါလေတော့သည်။ သင်္ကြန် အကြောင်းကိုပင် သူက လမ်းစ ဖော်ပေးနေပါသည်။

'ဟော့လူ၊ မင်း မြင်နေရတဲ့ နေဝန်းနီနီကြီးကို တနင်္ဂနွေဂြိုဟ်လို့လည်း ခေါ်တယ်၊ အရပ် ထက်ဝန်းကျင်ကို အရောင် တလွင်လွင်နှင့် လင်းလက် တောက်ပလာအောင် အလင်းဓာတ် ပေးတတ်တဲ့ အတွက် သူ့ကို ကမ္ဘာဦးက လူတွေက ဒိဝါကရလို့လည်း ခေါ်ကြတယ်။

'ဗေဒင်ကျမ်းများက နေကို ဒီလို ဆိုကြတယ်၊ တစ်နှစ်မှာ ရာသီ ၁၂ ပါး၊ အသ်ၥက ၃၆၀၊ နက္ခတ်က ၁၀၈ နဝင်း ကိုက်အောင် လှည့်ပတ်နေသတဲ့၊ အဲဒါ နေမင်းကြီးရဲ့ အလုပ်တဲ့၊ မိဿ ရာသီ (တန်ခူးလ) ပထမ နဝင်းက စပြီး မိန်ရာသီ (တပေါင်းလ) အဆုံး နဝင်း ကုန်တဲ့ အခါ နှစ်တစ်ပတ် ပြည့် လာတယ်လို့ ဆိုတယ်၊ ပုတီး စိပ်သလိုပေါ့၊ နောက်ဆုံး အလုံး စိပ်ပြီးရင် ရှေ့ဆုံး အလုံးကို ပြန်ပြီး စိပ်တာမျိုးလို မိန်ရာသီ (တပေါင်းလ) မှ အဆုံး နဝင်း ကုန်သွားတဲ့ အခါ မိဿ ရာသီ (တန်ခူးလ) က ပထမ နဝင်းကို ပြန် ပြီး နင်းပြန်လေတော့တယ်၊ အဲဒီ တပေါင်း၊ တန်ခူး၊ တနင်္ဂနွေ ဂြိုဟ်မင်း ခေါ် တဲ့ နေဝန်းနီနီကြီး နဝင်း ပြောင်းကူးတာကိုပင် အသစ် အဟောင်း တစ်ခေတ် ပြောင်းပြီး သင်္ကြန်ကျတယ်၊ နှစ်ဆန်းလာပြီလို့ ဆိုကြတယ်၊ အဲဒါဟာ သင်္ကြန် ပေါ့။

'ပြီးတော့ သင်္ကြန် ဆောင်းပါးထဲမှာ ပါသင့်တာတွေ ရှိသေးတယ်၊ တင်စားမှုတော့ ပါမယ်ပေါ့၊ သစ်ပင်တွေကို ကြည့်လိုက်စမ်း၊ အသက် ကြီးကြီး လာလေ အပွေး ထူလေပဲ၊ လူတွေဟာလည်း ဒီအတိုင်းပဲ၊ သက္ကရာဇ်တွေ တစ် နှစ်ထက် တစ်နှစ် ထပ်ထပ်လာလေလေ သေမင်းနှင့် နီးကပ်လာလေလေပဲ၊

mgyoe.com

mgyoe.com SAMPLE BOOK

သင်္ကြန်ရာဇ် အသစ် တစ်လုံး ဆင့်လာရင် ဝမ်းမသာလေနှင့်၊ အသက် တစ်နှစ် ရင့်လာပြီး သေမင်းနှင့် နီးလာပြီ မှတ်၊ အရေးကြီးတာက အသက် ရင့်ရင့် လာသည်နှင့်အမျှ စိတ်နေ သဘောထား ရင့်ဖို့ရယ်၊ မေတ္တာ စွင့်စွင့်နှင့် သူ ခပ်သိမ်းတို့ အပေါ်မှာ ကရုဏာ ထီးကြီး ဖွင့်ထားဖို့ရယ်၊ ပြီးတော့ လူထဲ နေရင် လူနှင့် သင့်တင့်အောင် နေတတ် ထိုင်တတ်ဖို့ရယ် စသည် စသည်ပေါ့၊ အဲဒါတွေ ပြည့်ဖို့ ရှိဖို့ လိုတယ်။

'အသက်သာ ကြီးပြီး အချိန် မစီးခဲ့သော် မြက်ကို စားပြီး ကြီးနေတဲ့ နွားလားကြီးနှင့် တူတယ်လို့ ဟောခဲ့တဲ့ ဗုဒ္ဓရဲ့ ဩဝါဒ စကားဟာလည်း အများ သူငါ ဆင်ခြင်တုံ တရား ပွားနိုင်အောင် ဒီသင်္ကြန်ထဲမှာ ထည့်မွေသင့်တယ်၊ အို အများကြီး၊ အများကြီး'

ကျွန်ုပ်၏ အဖော်မွန်က ကျွန်ုပ်ကို သွန်သင်ရှာသည်။ သူ့ စကားကြောင့် လူနံ့တွေ လျှောင်ပြီး တဟောင်ဟောင် ချွေးစော် နံသည်ကိုပင် နံမှန်း မသိ။ သူ့ကျေးဇူးကား ကြီးမားပေစွ။

သူ ပြောလေသမျှ သည်ဟာ သည်ဟာတွေသည် နှစ်ဟောင်း လွန်ကျူး နှစ်သစ်သို့ ကူးလာသည့် 'သင်္ကြန် မင်္ဂလာ' အတွက် လက်ဆောင်မွန် ဖြစ်ထိုက် သည်။ သင်္ကြန် ဆောင်းပါး ရေးသော အခါ ကမ္ဘာကို နေမင်းကြီးက လွှမ်းမိုး ကြီးစိုးနေပုံများနှင့်တကွ သည်ဟာ သည်ဟာတွေ အဆုံး အကုန်လုံး သိမ်းကြုံး ပြီး ရေးထည့်လိုက်မည်ဟု စိတ်ထဲတွင် တေးမှတ်၍ လိုက်လာခိုက် ဟီးနိုး ကားကြီးသည် နန္ဒဝန် ဈေးရှေ့ မှတ်တိုင်တွင် ဇွေ့ခနဲ ထိုးရပ်လိုက်သောကြောင့် ကျွန်ုပ်မှာ တေးမှတ်လာခဲ့သော သင်္ကြန် အထုပ်ကြီးကို ပိုက်ကာ ကားပေါ်မှ ကတိုက်ကရိုက် ဆင်းလိုက်ရပါတော့သည်။ 'အိမ်ရောက်ရင် သင်္ကြန် ဆောင်း ပါးကို ငါ ရေးမယ်' ဟူပေ၏။

၁၉၇၂ ခု၊ ဧပြီလ၊ မြဝတီ မဂ္ဂဇင်း။

mgyoe.com

mgyoe.com SAMPLE BOOK

## စာကလေး တစ်စောင်

ဝတ္ထု ဖိဝ ပါသော ဝတ္ထု ပေါင်းချုပ် စာတစ်အုပ်ကို ဖတ်မိပြန်သည်။ တစ်ခါတုန်းက ဖတ်မိခဲ့စဉ် စိတ်ဝင်စားခဲ့ရသောကြောင့် ထပ်၍ ဖတ်မိခြင်း ဖြစ်၏။ ထိုစာအုပ်ကား သီဟိုဠ်ကျွန်းထွက် စာအုပ် ဖြစ်၏။

အမည်ကား 'မဓုရသ ဝါဟိနီ' ဖြစ်၍ ဝတ္ထုကြောင်းတို့ကား 'ပေးကမ်းခြင်း အောင်စေရာ' ကို ဦးတည်ထားကြသည်ချည်း ဖြစ်ကုန်၏။

ယင်းဝတ္ထု ဖိဝ တို့ အနက် 'ကိဏိသဃ်ာ' ဝတ္ထုသည် အမှတ်မထင် မျက်စိအောက် ရောက်လာ၏။ စိတ်ဝင်စားရပြန်၏။ ထိုဝတ္ထုကြောင်း၏ ဇာတ်စီးကား ကိဏိသဃ်ာ မည်သော အမျိုးသမီး တစ်ဦး ဖြစ်သော်လည်း ဇာတ်လမ်း၏ ရေ့ပိုင်း၌မူ ယင်းအမျိုးသမီး၏ အဖ သဃ် အမတ်နှင့် ယင်းအမတ်၏ ညီ ကုဏ္ဍာ ဤညီနောင် နှစ်ယောက်က ဇာတ်လိုက် ဖြစ်နေသည်ကို တွေ့ရ၏။

ဝတ္ထု အတိုချုပ်ကား သီဟိုဠ်ကျွန်း၌ ကာကဝဏ္ဏတိဿမင်း မင်းပြုနေစဉ် သဃ် အမတ်အား အမတ်ချုပ် အဖြစ် ခန့်ထားသည်။ ရောဟန ဇနပုဒ်ရှိ မဟာဂါမကိုလည်း စားကျေးစားမက် အဖြစ် မင်းက သူ့အား ပေးထားလေသည်။ အမတ်ချုပ် သဃ် အမတ်သည် ညီဖြစ်သူ ကုဏ္ဍာသဃ်အား များစွာ ချစ်မြတ်နိုး၏။ အဘယ်မျှ ချစ်သနည်း ဆိုသော် ရာထူးက နုတ်ထွက်လိုက်ပြီး သူ့ ရာထူးကို ညီဖြစ်သူအား လွှဲကာ မဟာဂါမသို့ သွားရောက် နေထိုင်ခြင်း ပြုသည် အထိ ချစ်လေသည်။

နောင်သော အခါ မဟာဂါမ၌ ပြဿနာ ပေါ်လာလေတော့သည်။ ပြဿနာရင်းကား အမတ်ချုပ်ဟောင်း သဃ် အမတ် ဖြစ်သတည်း။ ပြဿနာကား ပြည်သူလူထုကို ညှဉ်းပန်းခြင်း၊ မတရား အခွန် ကောက်ခြင်း၊ တံစိုး လက်ဆောင် စား၍ အမှားမှားအယွင်းယွင်း တရား စီရင်ခြင်း။ ဤသို့ ဤသို့သော ကိုယ့်ကျင့်တရား ယွင်းပါး ပျက်သုဉ်းမှုတို့ကို အကြောင်းပြု၍ ပြည်သူ



mgyoe.com

mgyoe.com SAMPLE BOOK

လူထုက မခံမရပ်နိုင် ဖြစ်လာကုန်ပြီး ဘုရင့် ရွှေနားတော် ပေါက်ကြားအောင် လျှောက်ထားကြရာမှ ဖြစ်လာသော ပြဿနာ ဖြစ်သတည်း။

ထိုအခါ ကာကဝဏ္ဏမင်းက ယင်း သဃ် အမတ်ဟောင်း၏ ညီဖြစ်သူ လက်ရှိ အမတ်ချုပ်ကို ခေါ်ပြီး ပြင်းထန်စွာ သတိပေးလေ၏။ 'ငါ သူကောင်း ပြုထားသည့် အမတ် ကျေးဇူးတရားကိုလည်း မထောက်ထား၊ တိုင်းသားပြည်သူ တို့ အပေါ်၌လည်း သနားခြင်း မရှိ၊ ကရုဏာ ကင်းမဲ့စွာ သင့်အစ်ကို ဆိုးသွမ်း နေဘိသည်တကား၊ ငါ့ကို စော်ကားလာဘိက ငါ သည်းခံနိုင်ချိ ရှိတုံနိုင်သော် လည်း ပြည်သူကို ညှဉ်းပန်းခြင်း ပြုမှုကိုကား ငါ လျစ်လျူရှုနိုင်မည် မဟုတ်'

သဃ် အမတ်သည် မင်း၏ စကားကို ကြားလေသော် အကျယ် ပွား၍ အဓိပ္ပာယ်ကို နားလည်လိုက်၏။ ရှေ့သို့ ဆက်၍ ဆိုးသွမ်းနေချေက အသက် အန္တရာယ် အထိ ဖြစ်ဖွယ် ရှိသည်ကိုလည်း ရိပ်စားမိလိုက်သည်။ ထို့ကြောင့် လည်း သူ့ နောင်တော်ထံသို့ အတွင်း စာတစ်စောင် ရေး၍ သတိပေးလိုက်လေ၏။

ထိုစာသည် ဆိုက်ဆိုက်မြိုက်မြိုက်ပင် သူ့ နောင်တော်၏ လက်ဝယ်သို့ ရောက်ရှိသွားလေသည်။ သဃ် အမတ်ဟောင်းသည် စာဖတ်ရင်း သူ့ကိုယ်သူ မလုံသောကြောင့် လက်များပင် တုန်နေ၏။ ထိုစာကား-

၁

အစ်ကို ခင်ဗျား။ အဝေးကနေ အစ်ကိုအား ရိုသေစွာ ရှိခိုး ဦးတင်ပြီး မင်းနေ ပြည် ဤ အနုရာဓ မြို့တော်သို့ ပျံ့နှံ့၍ ရောက်ရှိလာသော အစ်ကို၏ မကောင်း သတင်းနံ့များ အကြောင်းစုံကို ရေးသား၍ အစ်ကို့ထံ ကျွန်တော် အစီရင်ခံလိုက် ပါသည်။ မင်း ဟူသည်ကို မှီဝဲအပ်ပါသည် အစ်ကို။ မင်းနှင့် ဝေးသည် ဟူ၍ မလှည့်စားအပ်ပါချေ။

၂

သတိချပ်စေချင်ပါသည် အစ်ကို။ မင်းတို့ မည်သည် ဖန်ဆင်းရှင် နတ်မင်းကြီး များနှင့် အလားတူလှပါသည်။ မင်းတို့သည် ဤမြေအပြင် အလုံး၌ ယမမင်း၏ နည်း၊ နေမင်း၊ လမင်း၊ သေမင်းတို့၏ နည်းတို့ဖြင့် လည်းကောင်း၊ ကုဝေရ၏ နည်း၊ အလျှံတပြောင်ပြောင် ရဲရဲလောင်နေသော မီးပုံကြီး၏ နည်းတို့ဖြင့်လည်း ကောင်း ကျင့်တတ်ပါကုန်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

၃

သည်လိုပါ အစ်ကို။ ယမမင်းကား ဘဝသစ် တစ်ဖြစ်လဲလာသော သတ္တဝါတို့အား ယင်းတို့ ပြုခဲ့သော ကုသိုလ် အကုသိုလ် အနု အရင့် အလိုက် ထိုက်သင့်သလို နတ်ဘုံနှင့် ငရဲရွာသို့ လားစေပါသည်။ ထို့အတူ မင်းသည်လည်း ယမမင်းကဲ့သို့ ပြုမူလေ့ ရှိပါသည်။

၄

အစ်ကို။ နေမင်းသည်ကား သူ၏ လင်းရောင်ခြည်ဓာတ်ဖြင့် ပန်းများကိုလည်း ပွင့်စေပါသည်။ အိပ်နေသူတို့အားလည်း နိုးအောင် နှိုးပေးပါသည်။ ခြောက်သရောင်းစေသင့်သူတို့အား သွေ့ခြောက်သွားစေပါသည်။ မင်းသည်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်ပါ၏ အစ်ကို။

၅

သတိပြုပါဘိ အစ်ကို။ လမင်းကြီးသည်ကား အလွန် အေးမြလှစွာပါ၏။ အေးမြသော သူ၏ ရောင်ခြည်ဓာတ်ဖြင့် လူတို့ကို နှစ်သက်သွားစေပါသည်။ မသာလည်း တ၊ သာလည်း တ ဆိုဘိသကဲ့သို့ ထိုနည်းလည်းကောင်း လူတို့သည် ပြည်ပိုင်မင်းတရားအား လိုလားကြ၊ နှစ်သက် မြတ်နိုးကြပါကုန်သည်။

၆

အစ်ကို ခင်ဗျား။ သက်ရှိ သတ္တဝါမှန်က မည်သူ တစ်ဦးတစ်ယောက်ကိုမျှ သနား ကြင်နာခြင်း မရှိသော (ဝါ) အကြင်နာ တရား ခေါင်းပါးလှစွာသော သေမင်းကား သတ်ထိုက်သူကို သတ်ပစ်ဘိလေသကဲ့သို့၊ ထို့အတူ သလုံး မြင်းခေါင်း ခြေနှစ်ချောင်းဖြင့် သွားလာတတ်သော သတ္တဝါတို့ကို စောင့်ရှောက်လေ့ရှိပါသော ရေမြေ့သခင် ဘုရင်မင်းမြတ်သည် နှိပ်ကွပ်သင့်သူအား နှိပ်ကွပ်ပစ်တတ်ပါသည်။

၇

အစ်ကို၊ ကုဝေရ နတ်မင်းကြီး ဆိုပြန်သော် ရန်သူအား စိတ်ထဲက ကြည့်လိုက်ရုံကလေးမျှဖြင့် ပြာကျသွားစေပါသည်။ မိတ်ဆွေကိုမူ ဥစ္စာ ပေးကမ်း၍ ဝမ်းသာ

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်ပျသွားစေပါသည်။ မင်းတို့ မည်သည်လည်း ထိုနည်း အတိုင်း ဖြစ်ပါသည် အစ်ကို။ တိုင်းပြည်၏ ဆူးညှောင့်ခလုတ်ကို သုတ်သင်ပစ်ရန် မည်သည့် အခါမျှ လက်နှေးလိမ့်မည် မဟုတ်ပါ။

၈

အစ်ကို။ လူ့ပြည် အဝန်းတွင် မီးသည် ခပ်သိမ်းသော တောအလုံးကို ပြွန်းသွားသည် အထိ လောင်ကျွမ်းပစ်တတ်သကဲ့သို့ မင်းတည်း ဟူသော မီးလျှံကြီးသည်လည်း လူ့သော့သွမ်း၊ လူရမ်းကားတို့အား အကြွင်းမဲ့ မီးလောင်တိုက် သွင်းပစ်လိုက်လေ့ ရှိပါသည်။

၉

သတိ ရှိပါစေ အစ်ကို။ မီးသည်ကား တစ်စပ်တည်းကိုသာ လောင်တတ်ပါ၏။ မင်းတည်း ဟူသော လောင်မီးသည်ကား ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်သာလျှင် မက သွေးသောက်ရောင်းရင်း အပေါင်းအသင်းများကိုပါ မချန်၊ ယုတ်စွအဆုံး ရပ်ဝေးနေ ဆွေမျိုးများကိုသော်မှပင် ချမ်းသာရာ မရ၊ အားလုံး ပြာချပစ်တတ်ပါသည်။

၁၀

ကြောက်ဖွယ်လိလိကြီးပါ အစ်ကို။ မီးလောင်ခြင်း ခံရသော တော၌ သစ်ပင် အချို့တို့ ကျန်ကောင်း ကျန်နိုင်ပါသေး၏။ မင်း၏ မျက်မာန်တော်တည်း ဟူသော မီးလောင်မြိုက်လျှင်မူကား ကျူပင်ခုတ် ကျူငုတ်မျှ မကျန်လေ၏သို့ မိမိနှင့် တကွ ဆွေမျိုး နီးစပ်သူ အားလုံး တစ်ဦးတစ်ယောက်မျှ ရပ်တည်လျက် ကျန်ရစ်သည် မရှိပါ အစ်ကို။

၁၁

အို အစ်ကို။ မင်းကို ဝေး၏ ဟူ၍ မအောက်မေ့အပ်။ မထီမဲ့မြင် မပြုအပ်။ အဘယ်ကြောင့် ဆိုသော် မင်းတို့ မည်သည်ကား အလွန်လျှင် လက်တံ ရှည်လှပါကုန်သည်။ လျှိုဂနိုင်စောင်း တောတွင်း အောင်း၍ ပုန်းနေသူပင် ဖြစ်လင့်ကစား အဝေးက လှမ်း၍ သူ့ လက်တံရှည်ကြီးဖြင့် ခဏ အတွင်း ဖမ်းဆွဲ၍ ယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၂

အို အစ်ကို။ သို့ပါသောကြောင့် တောကျေးလက်နေ ဆင်းရဲသား လူထုကို နှိပ်စက်ခြင်း မပြုပါလေနှင့်။ ပြည်သူတို့၏ လွတ်လပ်စွာ ရပ်တည်မှုကို ဖျက်ဆီးခြင်း ပြုမနေပါနှင့်။ လောဘစရိုက် ဒေါသလိုက်၍ မိုက်ရိုင်းစွာ ပြုမူမှုကို မပြုပါလေနှင့်။ နိုင့်ထက်ကလူ သူ့ဥစ္စာကို မယူချင်ပါနှင့်။ ကံက ချပေးလိုက်သော ကိုယ့်ဘဝ ရေသောက်မြစ်ကို ကိုယ်တိုင် တူးဖြို၍ မပစ်ပါလင့် အစ်ကို။

၁၃

တရားမျှတသော ထုံးကို နှလုံးပိုက်တော်မူပါ အစ်ကို။ တရား၏ ဘက်တော်သားအဖြစ် ထာဝစဉ် ရပ်တည်တော်မူကာ မိမိထံ၌ ခစား၍ မိမိနှင့် အတူတကွ နေထိုင်လာကြကုန်သော ဘက်တော်သားများကိုလည်း တူးဆွမပစ်ပါလင့်။ အနားသို့ မချဉ်းကပ်ဝံ့အောင် မောင်း၍ ထုတ်မနေပါလင့်။ မင်းတို့ မည်သည်ကား အများ ကောင်းကျိုးကို ရှေးရှု၍ တရား၏ မိတ်ဆွေ ဖြစ်သော လူတို့အား ကောင်းကျိုးပြု ချီးမြှင့်ပေးတတ်ပါသည်။ မြင့်မောက်အောင် စောင့်ရှောက်တော်မူပေးတတ်ပါသည်။

အစ်ကို။ ဤသည်တို့ကိုလည်း အစ်ကိုသည် မသိ မဟုတ်၊ အသိပင်ဖြစ်ပါလျက် အသိခေါက်ရက် အဝင် မနက်စေသင့်ပါ။ မင်းလည်း နှစ်လိုကိုယ်လည်း ချမ်းသာ၍ အများသူငါ စက်ဆုပ်သည့် အမူအကျင့်မျိုးကို အချိန်မီရပ်တန်းက ရပ်ပါမည့် အကြောင်း အစ်ကို့အား အတွင်းစာ ပါးလိုက်ပါသည်။

ညီဖြစ်သူ ကုဏ္ဍာသဃ်
(အနုရာဓ မြို့တော်)

ဤစာကို ဖတ်ပြီးလျှင် သဃ် အမတ်ဟောင်းသည် ထိတ်လန့်တကြားဖြစ်လာ၏။ တရားသည် မိမိကို ချစ်လျှင် တုံ့ပြန်၍ ချစ်တတ်၏။ မြတ်နိုးသူအား မြတ်နိုးမှုဖြင့် တုံ့ပြန်တတ်၏။

ထိုစာကို ရပြီးနောက် မကြာမီ အတွင်း၌ သဃ် အမတ်ဟောင်းကား မိမိ သားမယားကို ခေါ်၍ ထွက်ပြေးပြီ ဟူသော သတင်းဂယက် ထွက်လာလေသတည်း။

mgyoe.com